# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဓါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာ ၁၂ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၈)၊ အမှတ် (၃၄၇)




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ သံအမတ်ကြီး Mr. Pehin Orang Kaya Seri Pahlawan Colonel (R) Dato Paduka Haji Abdu’r Rahmani bin Dato Paduka Haji Basir နှင့် ဇနီးတို့နှင့်အတူ နှုတ်ဆက်နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## ဘရူနိုင်းသံအမတ်ကြီးနှင့် ဇနီးတို့အား နှုတ်ဆက်နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် စက်တင်ဘာ ၁၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် သံတမန်များ အဖွဲ့နာယကဖြစ်သူ မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ သံအမတ်ကြီး Mr. Pehin Orang Kaya Seri Pahlawan Colonel (R) Dato Paduka Haji Abdu’r Rahmani bin Dato Paduka Haji Basir နှင့် ဇနီးတို့အား ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ နေအိမ်၌ လက်ခံတွေ့ဆုံ၍ နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**တက်ရောက်**

နေ့လယ်စာစားပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ဇနီးတို့ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

**ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းများကို အဆင့်မြှင့်ပြုပြင်ပြီး မြို့ပတ်ရထားလမ်းပိုင်းဖွင့်လှစ်**
စာ ၁၁

**ဘင်္ဂလားဒေ့ရှ်အစိုးရ ကော့ဇ်ဘဇားရွှေ့ပြောင်းဒုက္ခသည်စခန်းများတွင် မိုဘိုင်းအင်တာနက်သုံးစွဲခွင့် ပိတ်ပင်**
စာ ၁၄


CB BANK
Best Corporate & Investment Bank
2019 (Asia Money)
Contact Center : 01-231 777 0

# လူကြီးလူကောင်းတို့၏ ဂုဏ်ကျက်သရေ

လူ့လောကအလယ်တွင် ဂုဏ်သိက္ခာရှိရှိဖြင့် ရင်ကော့ခေါင်းမော့ ရပ်တည်ရှင်သန်နိုင်ရေးဆိုသည်မှာ မိမိကိုယ်တိုင်၏ သိက္ခာရှိမှု၊ လူအများ လေးစားလောက်သော အသိပညာ အတတ်ပညာကြီးမှု၊ လူ့လောကအကျိုးတစ်ခုခုအတွက် ကိုယ်တိုင်ကူညီဆောင်ရွက်ပါဝင်မှုတို့ပေါ်တွင် တည်၏။

ဆင်းရဲချမ်းသာနှင့်မဆိုင်၊ အလုပ်ကြီးငယ်နှင့်မဆိုင် လူတို့သည် မိမိရှင်သန်နေထိုင်ရာ ပတ်ဝန်းကျင် အသိုက်အမြုံထဲတွင် ရင်ကော့ခေါင်းမော့ နေလိုသည်။ ထို့ထက်ပိုသည့်အခါ လူအများ၏ အသိအမှတ်ပြုခံလိုကြ၏။ လူအများ၏ လေးစားချစ်ခင်မှုကို လိုလားကြ၏။

သို့ရာတွင် ဝိသမလုပ်ငန်း၊ မသမာလုပ်ငန်းများ လုပ်ကိုင်ရင်း ငွေကြေးအရှိန်အဝါကြီးလာသူတို့သည်လည်းကောင်း၊ လက်နက်အားကိုး ဗိုလ်ကျစိုးမိုးကာ ဓားပြတိုက်၊ ခိုးဝှက်ရင်းကြွယ်ဝလာသူတို့သည် လည်းကောင်း၊ တာဝန်ကို အလွဲသုံးရင်း အကျင့်ပျက်ကာ လာဘ်လာဘများဖြင့် ဥစ္စာခနေကြွယ်ဝလာသူတို့သည်လည်းကောင်း၊ မည်သို့ပင် မတရားမှုများ ပြုခဲ့သည်ဖြစ်စေ၊ လူတကာက အရေးတယူပြုမှုကို ရလိုကြ၊ လူအများကြား ဝင်ဆံ့လိုကြ၊ လူတို့၏ လေးစားမှု နေရာပေးမှုကို လိုချင်ကြဆိုလျှင်ကား မိမိ၏ ဘဝအစစ်အမှန်ဖြင့် နေရာမရနိုင်။ မျက်နှာဖုံးအတုများ လိုအပ်လာတော့သည်။

ထိုသို့သောအားဖြင့် လူကြီးလူကောင်း အယောင်ဆောင်များ၊ ပညာတတ်၊ ပညာရှိအတုများ စသည့်မျက်နှာဖုံးစွပ် အတုအယောင်များ ပေါ်လာတော့သည်။

လက်တွေ့လောကတွင် အတုဟူသည် ကြာရှည်ခံလေ့မရှိ။ အတုအယောင်များ၊ အယောင်ဆောင်များ သမိုင်းစာမျက်နှာများပေါ်မှ အရှိန်ပြင်းပြင်းဖြင့် လွင့်စဉ်ကျခဲ့ဖူးသည့် သာဓကများစွာရှိ၏။

ဂုဏ်သိက္ခာကြီးမြတ်သူဖြစ်ဖို့ သီလသိက္ခာ အမှန်တကယ် ကြီးမြင့်ဖို့လိုမည်သာဖြစ်၏။ လူကြီးလူကောင်းဖြစ်ဖို့ လူကြီးလူကောင်းစိတ်ဓာတ်၊ အတွေးအခေါ်ရင့်ကျက်ခြင်းတို့ အမှန်တကယ်ရှိဖို့လို၏။ ပညာရှိ ပညာတတ်တစ်ဦးအဖြစ် လေးစားခံရရန်၊ အမှန်တကယ်ပညာရှိရန်၊ ပညာတတ်ရန်လို၏။ လေးစားအပ်သော သူကြွယ်ကြီးဖြစ်ဖို့ရာ လေးစားအပ်သော သမ္မာအာဇီဝလုပ်ငန်းတို့ဖြင့် အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်ရင်း ကြီးပွားလာရန် လို၏။

လောကတွင် မည်သူတို့ မည်သို့ပင်အတုအယောင်များ ဖန်တီးနိုင်ကြသည်ဖြစ်စေ၊ သီလ၊ သိက္ခာ၊ သမာဓိ၊ ပညာဟူသည် အတုပြုလုပ် ဖန်တီးလို့မရ။ သီလ၊ သိက္ခာ၊ သမာဓိ၊ ပညာတို့ကို အတုအယောင်များဖြင့် ထုံမွှမ်းဖန်တီးထားရန် ကြိုးစားမည်ဆိုလျှင်လည်း ကြာရှည်မဖြစ်နိုင်။ ယင်းအမှန်တရားတို့ကို မည်သို့မျှ ဖုံးကွယ်နိုင်မည် မဟုတ်ပါလေ။

ထို့ကြောင့် သီလ၊ သိက္ခာ၊ သမာဓိ၊ ပညာတို့ဖြင့်သာ ရရှိလာနိုင်သည့် ဂုဏ်ကျက်သရေ၊ အရှိန်အဝါတို့ကို ဘာနှင့်မျှ ဝယ်ယူ၍ရနိုင်မည်မဟုတ်။ အမှန်တကယ် စောင့်ထိန်းကျင့်ကြံဆောင်ရွက်ကြခြင်းဖြင့်သာ မိမိတို့၏ ဂုဏ်ကျက်သရေ အရှိန်အဝါတို့ တိုးမြင့်ထွန်းလင်းကာ လူ့လောကအလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နိုင်ကြမည်ဖြစ်၍ မိမိအသက်ရှင်စဉ်သာမက ကွယ်လွန်ပြီးသည့်နောက်ထိ သယ်ယူသွားနိုင်ကြမည် ဖြစ်ပါကြောင်း။ ။

## စစ်တောင်း၊ ရွှေကျင်နှင့် ပဲခူး မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၁**

ယနေ့မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် လေးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ၃ စင်တီမီတာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့၊ ရွှေကျင်မြို့၊ တောင်ငူမြို့နှင့် ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိုး/ဇလ




### ယူနီကုဒ်ဆိုတာ ဘာလဲ

- ယူနီကုဒ်ဆိုသည်မှာ တိုင်းရင်းသား ဘာသာစကားများအပါအဝင် တစ်ကမ္ဘာလုံးရှိ ဘာသာစကားအများစုကို ကွန်ပျူတာစနစ်အားလုံးတွင် ရေးသားဖတ်ရှုနိုင်ရန်၊ အပြန်အလှန် တွဲဖက်အသုံးပြုနိုင်ရန်နှင့် အခြားအဆင့်မြင့် စွမ်းဆောင်မှုများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ သတ်မှတ်ထားသော နိုင်ငံတကာ စံချိန်စံညွှန်း တစ်ခုဖြစ်ပါသည်။
- မြန်မာယူနီကုဒ်စနစ်သည် နိုင်ငံတကာစံချိန်စံညွှန်းအဖွဲ့အစည်း(ISO)၏ ISO/IEC 10646 စံချိန်စံညွှန်းနှင့် ကိုက်ညီပြီး မြန်မာစာရေးထုံးနှင့်လည်း ကိုက်ညီသည့် စနစ်တစ်ခု ဖြစ်ပါသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

### ယူနီကုဒ်သုံးရင် ဘာတွေအကျိုးရှိလာမလဲ

- မြန်မာဘာသာ အပါအဝင် တိုင်းရင်းသား ဘာသာများအား စနစ်တကျ မှန်ကန်စွာ ရေးသားနိုင်ခြင်း၊
- အသုံးပြုရာတွင် အက္ခရာစာလုံးများကို ရှာဖွေမှု (Searching)၊ ရှေ့နောက်ကြီးငယ် ရွေးချယ်မှု (Sorting)၊ တွက်ချက်မှု (Manipulation)၊ သိမ်းဆည်းမှု (Storage)နဲ့ ဘာသာပြန်ဆိုမှု (Translation)အစရှိသည့် လုပ်ငန်းစဉ်များအား လွယ်ကူမှန်ကန်စွာ ဆောင်ရွက်နိုင်ခြင်း၊
- အသံစနစ်မှ အက္ခရာစာလုံးစနစ် ( Voice to Text ) သို့ အလိုအလျောက် ပြောင်းလဲပေးခြင်း၊ Google Map , Microsoft , Facebook , Messenger စသည့် နိုင်ငံတကာ Applications များကို မြန်မာဘာသာဖြင့် အသုံးပြုနိုင်ခြင်း၊

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

## နေပြည်တော် မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ)သင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၁၁**


နေပြည်တော် မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ဇမ္ဗူသီရိ မြို့နယ် ရွှေကြာပင်နယ်မြေ မီးသတ်စခန်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်မီးသတ်ဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးဇော်လင်းထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၏ ရှာဖွေကယ်ဆယ်ခြင်းစွမ်းရည်ပြသမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြသည်။



အဆိုပါသင်တန်းကို နေပြည်တော်အတွင်းရှိ မြို့နယ်များတွင် ရေဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ရေးနှင့် ခေတ်မီရှာဖွေကယ်ဆယ်ရေးပစ္စည်းများကို စနစ်တကျကိုင်တွယ်အသုံးပြုတတ်စေရန် ရည်ရွယ်ပြီး ဖွင့်လှစ်ခြင်းဖြစ်ကြောင်းနှင့် သင်တန်းသို့ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၃၅ ဦး တက်ရောက်ကာ စက်တင်ဘာ ၁၁ရက်မှ ၁၃ ရက်အထိ သုံးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)




## လက်ပံတန်းမြို့နယ်၌ ရေဝင်၍ စာသင်ကျောင်းအချို့ ခေတ္တပိတ်ထားရ

**လက်ပံတန်း စက်တင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်တွင် စက်တင်ဘာ ၁၀ ရက် မွန်းလွဲပိုင်းက စတင်ပြီး မိုးအဆက်မပြတ်ရွာမှုကြောင့် ကျေးရွာများတွင် ရေဝင်၍ စက်တင်ဘာ ၁၁ ရက်တွင် စာသင်ကျောင်းအချို့ခေတ္တပိတ်ထားကြောင်း သိရသည်။

လက်ပံတန်းမြို့နယ်တွင် မိုးသည်းထန်စွာ ရွာမှုကြောင့် အ.လ.က ကျွန်းကလေး၊ အ.လ.က ရေငံ၊ အ.လ.က(ခွဲ)ထန်းပင်ကုန်း၊ မူလွန် ဆင့်ကူးရွာသစ်၊ အ.မ.က ချောင်းခွ(၂)၊ အ.မ.က ရေပုံရွာသစ်၊ အ.မ.က ကျီးပင်အင်း၊ အ.မ.က တာဆုံး၊ အ.မ.က သဲကုန်း၊ အ.မ.က ရှားစီးဘို၊ အ.မ.က နတ်စင်ကုန်း(၂)၊ အ.မ.က မကျီးကွင်းအနောက်၊ အ.မ.က ခေါင်းလောင်းတိုင်နှင့် အ.မ.က တောင်ပေါ်စုကျောင်းများ ပိတ်ထားကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ မြို့နယ်(ပြန်/ဆက်)

# ၂၀၁၉ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများလုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် စက်တင်ဘာ ၁၁**

၂၀၁၉ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅/၂၀၁၉) ကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ၂၀၁၉ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ကျင်းပရေးဦးစီးကော်မတီဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယ ဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ဦးစီးကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကက ယနေ့ အစည်းအဝေးသည် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားမတိုင်မီ ကျင်းပသည့် နောက်ဆုံးအစည်းအဝေးဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီများမှ ဆောင်ရွက်ထားရှိမှုများကိုယနေ့ သဘင်ဆောင်သို့ သွားရောက်ကြည့်ရှုရာတွင် လုပ်ငန်းအားလုံးနီးပါး ပြီးစီးသလောက် တွေ့ရှိရပါကြောင်း၊ နောက်ဆုံးအစည်းအဝေးဖြစ်၍ ဆုံးဖြတ်ရန် ကိစ္စများကျန်ရှိသေးပါက တင်ပြဆုံးဖြတ်ကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌက ယနေ့အစည်းအဝေးသည် နောက်ဆုံး အစည်းအဝေးဖြစ်၍ လုပ်ငန်းကော်မတီ ၅ ခုမှ ဆွေးနွေးဆောင်ရွက်ရန်များ ကျန်ရှိပါက တင်ပြရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍လုပ်ငန်းကော်မတီများအလိုက် ဥက္ကဋ္ဌများနှင့်အတွင်းရေးမှူးများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများက ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကကနိဂုံးချုပ် ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**



၂၀၁၉ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးကျင်းပ



ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

**နေပြည်တော် စက်တင်ဘာ ၁၁**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌများ၊အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော်ဘဏ္ဍာများနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြင်ဆင်ချက် အဆိုတင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ လုပ်ငန်းရှင်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၁

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၉)ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက မိမိတို့ လုပ်ငန်းကော်မတီအနေဖြင့် လုပ်ငန်းတာဝန် (၁၅)ရပ်နှင့်အညီ လုပ်ငန်းကော်မတီများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ မှန်ကန်သည့် သတင်းအချက်အလက်များ ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အသိပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ သဘာဝဘေးဖြစ်ပွားပါက အလျင်အမြန် တုံ့ပြန်နိုင်ရေးဆောင်ရွက်ခြင်း၊ ဘေးဒဏ်ခံရင်ဆိုင် တုံ့ပြန်နိုင်စွမ်းရှိရေး ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများအလိုက် သက်ဆိုင်ရာဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို နေပြည်တော် ကောင်စီနယ်မြေအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အခြေခံလိုအပ်သော အရေးပေါ်ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ သာမက ခေတ်မီနည်းပညာသုံး အသက်ကယ်ပစ္စည်းကိရိယာများ အသင့်ရှိရန် ဆောင်ရွက်လျက်ရှိကြောင်း၊ စီမံချက်များ၊ စီမံကိန်းများရေးဆွဲ၍ စနစ်တကျရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုကြောင်း၊ သဘာဝဘေး စီမံခန့်ခွဲမှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပညာရှင်များနှင့်လည်း ပူးပေါင်းဆောင်ရွက်နေကြောင်း၊ အမျိုးသားကော်မတီမှ သဘာဝဘေး စီမံခန့်ခွဲမှုဆိုင်ရာ အကြံပေးအဖွဲ့ကို ဖွဲ့စည်းထားရှိပြီး တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ကာ ပညာရှင်များ၏ အကြံပြုချက်များ ရယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများ၏ လှူဒါန်းမှုများကိုလည်း အလျင်အမြန် တုံ့ပြန်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အကျိုးရှိစွာ သုံးစွဲလျက်ရှိပါကြောင်း၊ မိမိတို့ လုပ်ငန်းကော်မတီအနေဖြင့် အခြားလုပ်ငန်းကော်မတီများနှင့်လည်း လုပ်ငန်းကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှု၊ အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ရန်ပုံငွေများ စနစ်တကျသုံးစွဲမှု၊ ၂၀၁၈ ခုနှစ် ရေဘေးပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်မှုနှင့် ယခုနှစ် ရေကြီးရေလျှံမှုများဖြစ်ပွားမှုနှင့် ပြန်လည်ထူထောင်ရေးများ စတင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်မှုများ၊ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက ပေါင်းစပ်ညှိနှိုင်းပေးသည်။

**သတင်းစဉ်**



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီးများ မြန်မာနိုင်ငံသကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းမှ အလုပ်အမှုဆောင်များနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

❑ *ကျောဖုံးမှ*

ကြံစိုက်တောင်သူကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် NGO အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက နိုင်ငံတော်အနေဖြင့် ၂၀၁၆ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် နိုင်ငံတော်၏စီးပွားရေးမူဝါဒ ၁၂ ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ရာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်ညီစွာတိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍ ချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံဖော်ဆောင်မည့်မှုကို ချမှတ်ခဲ့ပါကြောင်း။

**ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချရန်**

ကြံသီးနှံသည် ဖွံ့ဖြိုးဆဲနှင့်ဖွံ့ဖြိုးပြီး နိုင်ငံများတွင် စီးပွားဖြစ်စိုက်ပျိုးသည့် အရေးကြီး စက်မှုကုန်ကြမ်းသီးနှံတစ်ခု ဖြစ်ပါကြောင်း၊ ကြံသီးနှံအပြင် မုန်လာဥနီ၊ ပလောပီနံစသည့် ကုန်ကြမ်းသီးနှံများစွာမှ သကြားထုတ်လုပ်နိုင်သော်လည်း မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံအများအပြားတွင် ကြံသီးနှံကိုသာ သကြားထုတ်လုပ်ရေး၏ ဦးစားပေး ကုန်ကြမ်းသီးနှံတစ်ခုအဖြစ် စိုက်ပျိုးကြပြီး ပြည်တွင်းစားသုံးမှုအတွက်သာမက ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချရန်အတွက်ပါ ကြံသကြားထုတ်လုပ်နေကြခြင်း ဖြစ်ပါကြောင်း။

မြန်မာ့သကြားစက်မှုလုပ်ငန်းသည် ပြည်တွင်းစားသုံးမှု၊ သကြားကုန်ကြမ်းအခြေခံ စားသောက်ကုန်လုပ်ငန်းများနှင့် သကြားပို့ကုန်တို့အတွက် အရေးပါသည့် စိုက်ပျိုးရေးအခြေပြု စက်မှုလုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ ကြံသီးနှံသည် ဘက်စုံသုံးစက်မှုကုန်ကြမ်း သီးနှံဖြစ်ပြီး အဓိကထွက်ကုန် သကြားအပြင် ဘေးထွက်ပစ္စည်းများဖြစ်သည့် တင်လဲရည်၊ ကြံမြုပ်ချေး၊ ကြံကြိတ်ဖတ်နှင့် ကြံစိုက်ကွင်းထဲမှ ခုတ်သိမ်းပြီး ကြံသီးနှံ အကြွင်းအကျန်များကိုလည်း အရက်၊ ဇီဝလောင်စာဆီ၊ သဘာဝမြေဩဇာ၊ စက္ကူ၊ ဘုတ်ပြား၊ အသုံးအဆောင်ပစ္စည်းများ၊ အဆောက်အဦပစ္စည်းများ စသည်တို့ကို ထုတ်လုပ်သုံးစွဲနိုင်သည့်အတွက် စနစ်တကျ စီမံဆောင်ရွက်နိုင်ပါက နိုင်ငံတော်၏စီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးတွင် အရေးကြီးသည့် အထောက်အပံ့ ဖြစ်လာမည်ဖြစ်ပါကြောင်း။

**သကြားအခြေခံစားသောက်ကုန်လုပ်ငန်း**

နိုင်ငံတစ်ဝန်းတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှုအဆင့်အတန်း တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ သကြားအခြေခံ စားသောက်ကုန်များဖြစ်သည့် အချိုရည်၊ ကော်ဖီမစ်၊ တီးမစ်၊ ကိတ်မုန့်၊ သစ်သီးယို၊ နို့ထွက်ပစ္စည်းများ စားသုံးမှုနှုန်းသည်လည်း မြင့်မားလာခဲ့ပါကြောင်း၊ ထို့ကြောင့် သကြားအခြေခံ စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းအရေအတွက်များ များပြားလာသကဲ့သို့ ထုတ်ကုန်အမျိုးအစားနှင့် အရည်အသွေးလည်း တိုးတက်လာသည်ကို တွေ့ရှိရပါကြောင်း။

ကျေးလက်ဒေသများတွင် လျှပ်စစ်မီးရရှိလာခြင်းနှင့်အတူ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာသည်နှင့်အမျှ ကျေးလက်ဒေသများ၏ စားသောက်ကုန်လုပ်ငန်းများသည် အိမ်တွင်းအသေးစားလုပ်ငန်းများမှတစ်ဆင့် စီးပွားဖြစ်စားသောက်ကုန်ထုတ်လုပ်ရေးအဆင့်ကို ပြောင်းလဲလာနိုင်ပါကြောင်း၊ ထို့ကြောင့် ယခုကာလကို လယ်ယာစီးပွားရေးဖွံ့ဖြိုးမှု (Agribusiness Development) အဆင့်ကို တိုးတက်ပြောင်းလဲရန် အရှိန်ယူနေသည့်ကာလဟု ပြောရမည်ဖြစ်ပါကြောင်း။

**အရည်အသွေးမီသကြားထုတ်နိုင်ရေး**

မြန်မာ့သကြားစက်မှုလုပ်ငန်းအနေဖြင့် ပြည်တွင်းစားသောက်ကုန်လုပ်ငန်း၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ကြံတိုးချဲ့စိုက်ပျိုးရေးနှင့် မိမိတို့စက်ရုံများက အရည်အသွေးမီသကြားများ တိုးတက်ထုတ်လုပ်နိုင်ရေး၊ ဘေးထွက်ပစ္စည်းများကို တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရေးကိုလည်း စီမံဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ပိုလျှံသကြားများကိုလည်း ပြည်ပသို့တင်ပို့ရောင်းချနိုင်ရေး ကုန်သွယ်ရေးသဘောတူညီချက်များ ရရှိရန်လည်း ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

ကြံသီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရေးတွင် ကြံစိုက်တောင်သူများ၏ အကျိုးစီးပွားကို မြှင့်တင်ပေးနိုင်ရေးသည် အဓိကကျပါကြောင်း၊ သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အဆင့်မြှင့်တင်ဆောင်ရွက်နေသည့် ပညာရှင်များအနေဖြင့် စိုက်ပျိုးနည်းပညာပေးခြင်း၊ မျိုးကောင်းမျိုးသန့်များ လက်လှမ်းမီရရှိစိုက်ပျိုးနိုင်ရေးအပြင် ကြံစိုက်တောင်သူနှင့်သကြားစက်ရုံအကြား ကြံသီးနှံကန်ထရိုက်စိုက်ပျိုးစနစ်တစ်ခုကို တည်ထောင်ဆောင်ရွက်ရာတွင် လွယ်ကူလျင်မြန်ပြီး အပေးအယူမျှတကောင်းမွန်ရန်၊ အဆင်ပြေချောမွေ့စေရန်အတွက် စံချိန်စံညွှန်းနှင့် ကိုက်ညီသည့်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ပေးရန်လည်း လိုအပ်ပါကြောင်း။

ထို့ပြင် မြန်မာ့သကြားစက်မှုလုပ်ငန်း ရေရှည်တည်တံ့ခိုင်မြဲစေရန် အတွက် ကြံစိုက်ပျိုးသူ၊ သကြားထုတ်လုပ်သူ၊ သကြား အခြေခံစက်မှုလုပ်ငန်းများ၊ ရောင်းဝယ်ဖောက်ကားသူများ၊ စားသုံးသူများ စသည်ဖြင့် ပါဝင်ပတ်သက်နေသူအားလုံးဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန် အထူးအရေးကြီးပါကြောင်း။

Supply Chain တစ်လျှောက် တစ်နေရာရာတွင် ဟန်ချက်ပျက်ပြားသွားမည်ဆိုပါက နောက်ဆုံးခံစားရသူများသည် အခြေခံအဆင့်ဖြစ်သည့် တောင်သူများပင်ဖြစ်ပါကြောင်း၊ ထိုသို့မဖြစ်ရန်အတွက် “တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ” နှင့် အညီ ထိန်းကျောင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

**မူဝါဒပိုင်းဆိုင်ရာကူညီရန်**

ထို့ကြောင့် ယနေ့ကျင်းပသည့် Sugar Forum တွင် လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီး ရလဒ်ကောင်းများ ဖော်ထုတ်၍ ရေတိုရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားရန်နှင့် နိုင်ငံတော်အစိုးရ၏ သက်ဆိုင်ရာကဏ္ဍအသီးသီးရှိ ဝန်ကြီးဌာနများကလည်း လိုအပ်သည့် မူဝါဒပိုင်းဆိုင်ရာများ ကူညီပံ့ပိုးပေးရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရန် မြို့နယ်တိုင်း၊ ကျေးရွာတိုင်းတွင် တောင်သူပညာပေး စံနမူနာပြစိုက်ကွင်းများ ထူထောင်ပြသခြင်း၊ တောင်သူပညာပေးလုပ်ငန်းများ၊ ကွင်းသရုပ်ပြပွဲများ၊ စံပြကွက်များ၊ စမ်းသပ်ကွက်များ စိုက်ပျိုးပြသခြင်းတို့တွင် တောင်သူများကိုယ်တိုင်ပါဝင်ပြီး စိုက်ပျိုးပညာရှင်များနှင့် ပူးပေါင်း၍ မိမိဒေသနှင့် ကိုက်ညီသည့်မျိုး၊ စိုက်စနစ် စသည်တို့ကို ရွေးချယ်ဆောင်ရွက်နေမှု အခြေအနေ၊ တောင်သူများ အထွက်နှုန်းတိုးပြီး ဝင်ငွေပိုမိုရစေရန် အထွက်ကောင်းမျိုးများကို ၆၀ ရာခိုင်နှုန်းခန့် ပြောင်းလဲပေးခဲ့မှုအခြေအနေ၊ စဉ်ဆက်မပြတ် မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်နိုင်ရန် သုတေသနခြံများတွင် မျိုးစပ်ရွေးချယ်ခြင်း လုပ်ငန်းများအပြင် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တစ်သျှူးဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ခြင်း၊ ဇီဝနည်းပညာ ဓာတ်ခွဲခန်း ထူထောင်ခြင်းတို့အပြင် apply ဖြစ်စေမည့် သုတေသနစမ်းသပ်ချက်များကိုလည်း ဆောင်ရွက်နေမှု အခြေအနေတို့အား ရှင်းလင်းပြောကြားသည်။

**အခက်အခဲများ တင်ပြ**

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းက ကြံသကြားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်သင့်သည့်မူဝါဒများကိုလည်းကောင်း၊ မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးစိုးလင်းက အသင်း၏ ဦးတည်ချက်နှင့် ကြံသကြားကဏ္ဍတွင် ပါဝင်ပတ်သက်သူများ၏အခက်အခဲများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး မြန်မာ့ကြံသီးနှံစိုက်ပျိုးဖြစ်ထွန်းနေမှုနှင့် ကြံသကြားကဏ္ဍအရေးပါပုံ Video Clip ကိုပြသ၍ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စိုက်ပျိုးရေးဝန်ကြီးများ၊ လွှတ်တော်ရေးရာကော်မတီဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌတို့နှင့်လည်းကောင်း၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ NGO အဖွဲ့အစည်းများမှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်လည်းကောင်း၊ မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များ အသင်းအလုပ်အမှုဆောင်များနှင့် လည်းကောင်း စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ဟိုတယ်အတွင်း ခင်းကျင်းပြသထားသည့် စိုက်ပျိုးရေးဦးစီးဌာန၊ မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း၊ Kubota Myanmar ၊ Delicious Foods Limited ၊ Super Coffee Mix ၊ Great Wall- Wilmar စသည့်ကုမ္ပဏီများ၏ သကြားနှင့်သကြားအခြေခံ စားသောက်ကုန်စည်းနှင့် လယ်ယာသုံးစက်ပစ္စည်းကိရိယာ ပြခန်းများအား လှည့်လည်ကြည့်ရှုလေ့လာကြသည်။

**သကြားရောင်းချရန် လုပ်ငန်းစဉ်များ**

ယင်းနောက် မြန်မာ့ကြံသကြား ဖွံ့ဖြိုးရေး နှီးနှောဖလှယ်ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ကြံသကြားစက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထွက်တိုးနည်းပညာများ ဖော်ထုတ်အသုံးပြုခြင်း၊ ကြံသကြားလုပ်ငန်းတွင် ကန်ထရိုက်လယ်ယာစနစ်အပေါ် လွှမ်းမိုးသော အချက်များနှင့် ကြံတောင်သူများ၏ လုပ်ငန်းစွမ်းဆောင်ရည်ကို ဆန်းစစ်သုံးသပ်ခြင်း၊ ကြံစိုက်ပျိုးထုတ်လုပ်မှု စာရင်းအင်း ကိန်းဂဏန်း ကောက်ယူစိစစ်ထုတ်ပြန်မှု လုပ်ငန်းများနှင့် ကြံကြိတ်ဝါးထုတ်လုပ်မှု ကိန်းဂဏန်းများအပေါ် ဆန်းစစ်သုံးသပ်ခြင်း၊ မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်သို့ G to G နှင့် B to B စနစ်ဖြင့် သကြားရောင်းချရန်အတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံ၏ သကြားတိုက်ရိုက်စားသုံးမှုနှင့် သကြားအခြေခံ စားသောက်ကုန်လုပ်ငန်းများ၏ သကြားအသုံးပြုမှုကို စစ်တမ်းကောက်ယူဆန်းစစ်ခြင်းနှင့် မြန်မာနိုင်ငံတွင် ဇီဝအီသနော ထုတ်လုပ်ရောင်းချရေး အခွင့်အလမ်းများ စသည့်စာတမ်းများကို ဖတ်ကြားခြင်း၊ စာတမ်းများအပေါ် တက်ရောက်လာသူများက အကြံပြုသုံးသပ်ခြင်း၊ မြန်မာ့ကြံသကြားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာကို ရှင်းလင်းခြင်းနှင့် ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာ့ကြံသကြားဖွံ့ဖြိုးရေး နှီးနှောဖလှယ်ဆွေးနွေးပွဲတွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုလေ့လာစဉ်။ သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်သည် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး Mr. Daniel Patrick Chug အား ယနေ့ နံနက် ၁၀ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေမှု၊ မြန်မာနိုင်ငံအတွင်း ပဋိပက္ခဖြစ်ပွားသည့် ဒေသများ၌ တိုက်ပွဲရှောင်ပြည်သူများအတွက် စားနပ်ရိက္ခာနှင့် တန်ဖိုးနည်းအိမ်ရာများ ဆောင်ရွက်ပေးမှု၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် IDP စခန်းများ ပိတ်သိမ်းနိုင်ရေးကိစ္စ၊ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေးနှင့် နေရာချထားရေးဆိုင်ရာကိစ္စ၊ မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် အစားထိုးစိုက်ပျိုးရေးနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ဗြိတိန်နိုင်ငံနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့၏ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အကျိုးရလဒ်များနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဟန်ကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းကို တံတားပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်အတွင်း ခေတ္တလမ်းပိတ်ထားမည်

**ဆွမ်ပရာဘွမ် စက်တင်ဘာ ၁၁**

ကချင်ပြည်နယ် ပူတာအိုခရိုင် ဆွမ်ပရာဘွမ်မြို့နယ်အတွင်း မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း မိုင်တိုင်အမှတ်(၁၁၂/၁-၂)ကြားရှိ တံတားအမှတ် (၂/၁၁၂) ရေကျချောင်းတံတားအရှည် ပေ ၄၀ တံတားအား တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁)မှ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်၍ စက်တင်ဘာ ၁၂ ရက် နံနက် ၆ နာရီမှ ညနေ ၆ နာရီခန့်အထိ လုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း ခေတ္တလမ်းပိတ်ထားမည်ဖြစ်ကြောင်း တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁)မှ သိရသည်။

**ဖုန်ကန်(ပူတာအို)**

## ရခိုင်ကမ်းရိုးတန်းဒေသတွင် မိုးဆက်လက်ပိုနေမည်

**နေပြည်တော် စက်တင်ဘာ ၁၁**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရခိုင်ကမ်းရိုးတန်းဒေသတွင် မိုးဆက်လက်ပိုနေမည်။

**မိုး/ဇလ**

# နိုင်ငံခြားချေးငွေစီမံကိန်းများဆိုင်ရာ ဦးဆောင်ကော်မတီ၏ (၃/၂၀၁၉) အစည်းအဝေး ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၁

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန နိုင်ငံခြားချေးငွေစီမံကိန်းများဆိုင်ရာ ဦးဆောင်ကော်မတီ၏ (၃/၂၀၁၉) အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်ရုံးအမှတ် ၁၅ အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

**ညီမျှသည့် ရလာဒ်ရရှိရေး**

အစည်းအဝေးတွင် ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ချေးငွေစီမံကိန်းများနှင့် အထောက်အပံ့စီမံကိန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းစီမံကိန်းများရွေးချယ်ရာတွင် စီမံကိန်းမစတင်မီ ကြိုတင်ဆန်းစစ်လေ့လာသုံးသပ်မှုအား စီမံကိန်းစက်ဝန်းတစ်ခုလုံးကို ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာငွေလေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် ပေးချေရသည့်တန်ဖိုးနှင့် ညီမျှသည့် ရလဒ်ရရှိရေးသည် အရေးကြီးသည့် အချက်တစ်ခုဖြစ်ကြောင်း၊ လျာထားချက်အတိုင်း မသုံးစွဲနိုင်ခြင်း၊ ရန်ပုံငွေပြန်အပ်ရခြင်း၊ ချေးငွေစီမံကိန်းပါလုပ်ငန်းရပ်များ သတ်မှတ်အချိန်ကာလအတွင်း ပြီးစီးအောင် မဆောင်ရွက်နိုင်ခြင်းတို့က နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို နှောင့်နှေးကြန့်ကြာစေသည့်အပြင် ကုန်ကျစရိတ်ကို တိုးမြင့်စေခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်သည်ကို အထူးသတိပြုကြရမည်ဖြစ်ကြောင်း၊ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် သက်ဆိုင်ရာဌာန အကြီးအကဲများ၊ တာဝန်ရှိသူများ၊ စီမံကိန်းဒါရိုက်တာများက အထူးကြပ်မတ် ဂရုစိုက်ဆောင်ရွက်ပေးကြရန်နှင့် ဌာနအချင်းချင်း အလေးထား ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များက ဌာနအလိုက် တာဝန်ယူ ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းဆိုင်ရာများအား တင်ပြကြရာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးလှကျော်တို့က ဖြည့်စွက်ဆွေးနွေးမှာကြားကြသည်။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံကိန်းများကို နိုင်ငံတော်ရန်ပုံငွေဖြင့်သာမက နိုင်ငံခြားအကူအညီ အထောက်အပံ့၊ ချေးငွေများဖြင့်လည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၁၅-၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဇွန်လကုန်အထိ လယ်ယာကဏ္ဍဆိုင်ရာ ချေးငွေစီမံကိန်း ၂၀ အနက် ဆောင်ရွက်ဆဲ ချေးငွေစီမံကိန်း ၁၈ ခုရှိပြီး အထောက်အပံ့ စီမံကိန်း ၂၆၄ ခုအနက် ဆောင်ရွက်ဆဲ ၁၃၂ ခုရှိကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံခြားချေးငွေစီမံကိန်းများဆိုင်ရာ ဦးဆောင်ကော်မတီ၏ (၃/၂၀၁၉) အစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ကုလသမဂ္ဂ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးသဘောတူညီချက် အဖွဲ့ဝင်နိုင်ငံများအစည်းအဝေး တက်ရောက်




ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ကုလသမဂ္ဂ သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေး သဘောတူညီချက် (၁၄)ကြိမ်မြောက် အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေး တက်ရောက်စဉ်။ သတင်းစဉ်

**နေပြည်တော် စက်တင်ဘာ ၁၁**

ကုလသမဂ္ဂ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေး သဘောတူညီချက် (၁၄)ကြိမ်မြောက် အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေး၏ အဆင့်မြင့်အစည်းအဝေးတက်ရောက်ရန် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ရောက်ရှိနေသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် စက်တင်ဘာ ၈ ရက် ညနေပိုင်းတွင် ဝန်ကြီးအဆင့် အထူးအစည်းအဝေးသို့ တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားခဲ့သည်။

အဆိုပါ ဝန်ကြီးအဆင့် အထူး အစည်းအဝေးပွဲတွင် သဲကန္တာရဖြစ်ထွန်းမှုနှင့် မြေအဆင့်အတန်းလျော့ကျမှု တားဆီးကာကွယ်ရေးအတွက် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား အရင်းအမြစ်များ၊ နည်းပညာနှင့် အတွေ့အကြုံဗဟုသုတဖလှယ်ရေး၊ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနည်းလမ်းများကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၉ ရက်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ India Expo Center ၌ ကျင်းပသည့် ကုလသမဂ္ဂ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးသဘောတူညီချက် အဖွဲ့ဝင်နိုင်ငံများ၏ (၁၄)ကြိမ်မြောက် ညီလာခံ အဆင့်မြင့်အစည်းအဝေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးသည် မြေသယံဇာတ၊ ရာသီဥတုနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သည့် စားပွဲဝိုင်းအစည်းအဝေးနှင့် ကောင်းမွန်သော မြေသယံဇာတ၊ ကျန်းမာသောလူထုခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သည့် အပြန်အလှန် ဆွေးနွေးဖလှယ်ခြင်း Interactive Dialogue ဆွေးနွေးပွဲတို့ကို ပါဝင်တက်ရောက်ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၁၀ ရက်တွင် ကိုရီးယားသမ္မတနိုင်ငံမှ ဦးဆောင်၍ သစ်တောနှင့်ငြိမ်းချမ်းရေး ဆက်စပ်မှုပဏာမ ခြေလှမ်းခေါင်းစဉ်ဖြင့် ကျင်းပသော High Level Luncheon သို့ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဗြိတိသျှကိုလိုနီစနစ်နှင့် ယနေ့ကမ္ဘာ့နိုင်ငံရေး ပဋိပက္ခများ

စာဆိုတမန်

*ယမန်နေ့မှအဆက်*

**ဖော့ကလန်ကျွန်းဆွယ်**

ဖော့ကလန်ကျွန်းစုသည် တောင်အတ္တလန်တိတ်သမုဒ္ဒရာအတွင်း အာဂျင်တီးနားနိုင်ငံကမ်းခြေမှ အရှေ့ဘက်မိုင် ၃၀၀ အကွာတွင် တည်ရှိကာ အဓိကကျွန်းကြီး နှစ်ကျွန်းဖြစ်သည့် အရှေ့ဖော့ကလန်နှင့် အနောက်ဖော့ကလန်ကျွန်းကြီးအပါအဝင် ကျွန်းငယ်ပေါင်း ၇၀၀ ဖြင့် ဖွဲ့စည်းထားသည့် ကျွန်းစုကြီးဖြစ်ပါသည်။

အေဒီ ၁၆ ရာစုတွင် ဥရောပသားများ ရောက်ရှိခဲ့ကြပြီး ဖော့ကလန်ကျွန်းအား ဗြိတိသျှနှင့် စပိန်တို့မှ ၎င်း၏ကိုလိုနီအဖြစ် အသီးသီးပိုင်းခြားအုပ်ချုပ်ခဲ့ပါသည်။ ၁၈၁၀ ပြည့်နှစ်တွင် စပိန်နိုင်ငံမှ အာဂျင်တီးနားလွတ်လပ်ရေးရရှိသည့်နောက်ပိုင်း စပိန်တို့ပိုင်ဆိုင်ခဲ့သည့် ဖော့ကလန်ကျွန်းအား သိမ်းယူရန် ကြိုးစားခဲ့ရာ ဗြိတိသျှတို့က ဖော့ကလန်ကျွန်းအား ပြန်လည်သိမ်းယူခဲ့ပါသည်။

ယင်းနောက် စပိန်တို့၏ ပိုင်နက်ဖြစ်ခဲ့ပြီး အာဂျင်တီးနားနှင့် နီးစပ်နေသည့် ဖော့ကလန်ကျွန်းအား အာဂျင်တီးနားနိုင်ငံက အကြိမ်ကြိမ် ပြန်လည်သိမ်းပိုက်ရန် ကြိုးစားခဲ့ပါသည်။ အထင်ရှားဆုံးအဖြစ် ၁၉၈၂ ခုနှစ်တွင် အာဂျင်တီးနားတပ်ဖွဲ့များက ဖော့ကလန်ကျွန်းအား တိုက်ခိုက်သိမ်းပိုက်ရာမှ ဖော့ကလန်ကျွန်းပဋိပက္ခ ဖြစ်ပွားခဲ့ပါသည်။ သို့သော်လည်း ဗြိတိသျှရေတပ်အရေးသာခဲ့ပြီး ဗြိတိသျှအုပ်ချုပ်မှုအောက်သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။

ဒေသခံအများစုမှာ အင်္ဂလိပ်ဘာသာစကားပြောကြားပြီး အာဂျင်တီးနားနိုင်ငံ၏ တရားဝင်ရုံးသုံးဘာသာစကားဖြစ်သည့် စပိန်ဘာသာစကားကို ၁၀ ရာခိုင်နှုန်းခန့်သာ ပြောကြားကြပါသည်။ ထို့ကြောင့်လည်း ၂၀၁၃ ခုနှစ် မတ်လတွင် ပြုလုပ်ခဲ့သည့် ပြည်သူ့ဆန္ဒခံယူပွဲ၌ ဖော့ကလန်ကျွန်းတွင် နေထိုင်သူလူဦးရေ၏ ၉၉ ဒသမ ၈ ရာခိုင်နှုန်းက ဗြိတိသျှအုပ်ချုပ်မှုအောက်၌သာ ဆက်လက်နေထိုင်လိုကြောင်း ဆန္ဒပြုခဲ့ကြပါသည်။


တောင်အမေရိကတိုက်၏ တောင်ဘက်အစွန်နှင့် အတ္တလန်တိတ်သမုဒ္ဒရာ၏ အနောက်တောင်ဘက်တွင် တည်ရှိနေသည့် ဖော့ကလန်ကျွန်းသည် ပထမနှင့် ဒုတိယကမ္ဘာစစ်ကာလများအတွင်းက ဗြိတိသျှစစ်သင်္ဘောများနှင့် အရပ်ဘက်သင်္ဘောများအတွက် လောင်စာဆီဖြည့်တင်းရာနှင့် ပြင်ဆင်သည့်နေရာဖြစ်ခဲ့ပြီး ရေဒီယိုကြေးနန်းထပ်ဆင့်လွှင့်စက်များ တပ်ဆင်ထားကာ မဟာဗျူဟာအရ အရေးကြီးသည့် နေရာဖြစ်နေသည့်အတွက် ဗြိတိသျှတို့က လက်လွှတ်ရန် ဆန္ဒမရှိပါ။

အာဂျင်တီးနားနိုင်ငံသည် စပိန်အစိုးရထံမှ လွတ်လပ်ရေးရရှိခဲ့သည့်အလျောက် စပိန်ကိုလိုနီဖြစ်ခဲ့သည့် ဖော့ကလန်ကျွန်းသည် အာဂျင်တီးနားနိုင်ငံ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်ဟု မှတ်ယူထားပါသည်။ ဖော့ကလန်ကျွန်းပဋိပက္ခကြောင့် အာဂျင်တီးနားနိုင်ငံတွင် မျိုးချစ်စိတ်ခံယူချက်များ မြင့်တက်လာခဲ့ပြီး ထိုစဉ်က အာဂျင်တီးနားနိုင်ငံအစိုးရ၏ အုပ်ချုပ်မှုအပေါ် ကြီးမားသော ဆန့်ကျင်ကန့်ကွက်မှုများ ဖြစ်ပေါ်လာခဲ့ပါသည်။ အာဂျင်တီးနားနိုင်ငံအနေဖြင့် ၎င်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော့ကလန်ကျွန်းအား အချုပ်အခြာပိုင်နယ်မြေအဖြစ် ထည့်သွင်းပြဋ္ဌာန်းထားပြီး ကုလသမဂ္ဂ၌ ဖွဲ့စည်းထားရှိပြီးဖြစ်သည့် United Nations Special Committee for Decolonization ၌ အဆိုတင်သွင်းကာ ဗြိတိန်ထံမှ ပြန်လည်ရယူနိုင်ရန် အစဉ်ကြိုးပမ်းလျက်ရှိပါသည်။

**ဆိုက်ပရပ်စ်ကျွန်း**

ရှေးခေတ် ဂရိဒဏ္ဍာရီလာ အချစ်နတ်ဘုရားမဖြစ်သူ Aphrodite (Venus) မွေးဖွားရာနယ်မြေဖြစ်သည့် ဆိုက်ပရပ်စ်နိုင်ငံသည် မြေထဲပင်လယ်၏ အရှေ့ဘက်အခြမ်းတွင် တည်ရှိပြီး တတိယမြောက်အကြီးဆုံး ကျွန်းနိုင်ငံတစ်ခုဖြစ်ကာ ဂရိနှင့် တူရကီလူမျိုးများ အများစုနေထိုင်ကြပါသည်။

မြေထဲပင်လယ်တွင် မဟာဗျူဟာအရ အရေးပါသည့် ကျွန်းဖြစ်သည့်အားလျော်စွာ ဂရိ၊ ပါရှန်၊ အီဂျစ်နှင့် ရောမတို့၏ သိမ်းပိုက်မှုကို ခံခဲ့ရပါသည်။ ၁၆-ရာစုတွင် တူရကီ အော်တိုမန်အင်ပါယာ၏ လက်အောက်သို့ ကျရောက်ခဲ့ပါသည်။ ထိုအချိန်မှစ၍ ဂရိအများစုရှိခဲ့သော ဆိုက်ပရပ်စ်ကျွန်းတွင် တူရကီလူမျိုးများ အခြေချနေထိုင်လာခဲ့ကြပါသည်။ ပထမကမ္ဘာစစ်တွင် တူရကီတို့ထံမှ ဆိုက်ပရပ်စ်ကျွန်းအား ဗြိတိသျှတို့ သိမ်းယူခဲ့ပြီးနောက် ၁၉၂၅ ခုနှစ်တွင် ဗြိတိန်နိုင်ငံ၏ ပိုင်နက်တစ်ခုအဖြစ် သွတ်သွင်းခဲ့ပါသည်။




အစ္စရေး-ပါလက်စတိုင်း မြေပုံ။

၁၉၃၀ ပြည့်နှစ်တွင် ဆိုက်ပရပ်စ်ရှိ ဂရိလူမျိုးများက Greek Cypriot တို့အတွက် လွတ်လပ်ရေးပေးရန် တောင်းဆိုခဲ့ကြသည်။ တူရကီနိုင်ငံ၏ သွေးထိုးလှုံ့ဆော်မှုဖြင့် တူရကီလူမျိုးများကလည်း ၎င်းတို့အတွက် Turkish Cypriot လွတ်လပ်ရေး သီးသန့်ပေးရန် တောင်းဆိုခဲ့ကြရာ လူမျိုးရေးပဋိပက္ခများ ဖြစ်ပွားခဲ့ကြသည်။ ၁၉၆၀ ပြည့်နှစ်တွင် ဗြိတိသျှက ဆိုက်ပရပ်စ်အား ပေါင်းစည်းခြင်းလည်းမပြုရန်၊ ခွဲခြားခြင်းလည်းမပြုရန်နှင့် ဆိုက်ပရပ်စ်၏ နိုင်ငံအဖြစ်ရပ်တည်မှုကို စောင့်ရှောက်ပေးရန် ဂရိနှင့် တူရကီတို့နှင့် သဘောတူညီချက်ရယူပြီး လွတ်လပ်ရေးပေးခဲ့ရာမှ ဆိုက်ပရပ်စ်တွင် ယနေ့ထိတိုင် လူမျိုးရေးပဋိပက္ခများဖြစ်ပွားခဲ့ရာ ၁၉၆၄ ခုနှစ်မှစ၍ ယနေ့ထိတိုင် ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့များက Green Line ပိုင်းခြား၍ တပ်စွဲထားခဲ့ပါသည်။

၁၉၇၄ ခုနှစ်တွင် ဆိုက်ပရပ်စ်၌ စစ်အာဏာသိမ်းမှုပေါ်ပေါက်ခဲ့ပြီးနောက် အမျိုးသားရေးဝါဒီများ အာဏာရရှိလာပြီးနောက်ပိုင်းတွင် တူရကီတပ်များက Turkish Cypriot ကို ကာကွယ်ရန် ဆိုက်ပရပ်စ်အား နိုင်ငံမြောက်ပိုင်းအထိ ကျူးကျော်ကာ နိုင်ငံ၏ သုံးပုံတစ်ပုံကျော်ကို သိမ်းယူခဲ့ပါသည်။ ယင်းဖြစ်စဉ်ကြောင့် မြောက်ပိုင်းရှိ ဂရိလူမျိုး ၁၈၀၀၀၀ ခန့် တောင်ဘက်သို့ ဒုက္ခသည်များအဖြစ် ထွက်ပြေးရသကဲ့သို့ တူရကီ ၄၅၀၀၀ ခန့်မှာလည်း တောင်ဘက်မှ နှင်ထုတ်ခံရသဖြင့် ဒုက္ခသည်များ ဖြစ်ခဲ့ကြပါသည်။

၁၉၈၃ ခုနှစ်တွင် Turkish Cypriot လူမျိုးများ နေထိုင်ရာဒေသအား တရားဝင် လွတ်လပ်သောဒေသအဖြစ် ကြေညာခဲ့ပြီး Turkish Republic of Northern Cyprus အဖြစ် ခေါ်ဆိုရန် တစ်ဖက်သတ်ကြေညာခဲ့ပါသည်။ အဆိုပါလွတ်လပ်ရေးအား တူရကီနိုင်ငံအစိုးရတစ်ခုတည်းသာ အသိအမှတ်ပြုထားပါသည်။

ဆိုက်ပရပ်စ်နိုင်ငံသည် သေးငယ်သည့်ကျွန်းနိုင်ငံလေးဖြစ်သော်လည်း ရေကြောင်းခရီးတွင် အချက်အချာကျသည့်နေရာ၌ တည်ရှိသည့်အတွက်ကြောင့် ရေတပ်အင်အားဖြင့် အင်ပါယာချဲ့ထွင်ခဲ့သည့် ဗြိတိန်နိုင်ငံအတွက် အရေးပါသည့်နိုင်ငံတစ်နိုင်ငံဖြစ်နေပါသည်။ ဗြိတိန်၏ ရေတပ်အခြေစိုက်စခန်းများထားရှိရန်နှင့် အရှေ့အလယ်ပိုင်းဒေသတွင်း ခြေကုပ်မှု ရယူရန်အတွက် ဆိုက်ပရပ်စ်နိုင်ငံအား သိမ်းယူခဲ့ပြီး လွတ်လပ်ရေးပေးသည့်အခါ အပြည့်အဝမပေးဘဲ အခြားနိုင်ငံနှစ်နိုင်ငံအား ဝင်ရောက်စွက်ဖက်ခွင့်ပေးအပ်ခဲ့သည့် အကျိုးရလဒ်ကို ဆိုက်ပရပ်စ်လူမျိုးများ ယခုအချိန်ထိ တွေ့ကြုံခံစားနေရပါသည်။

**လူမျိုးရေး/ဘာသာရေးပဋိပက္ခများ**

**အစ္စရေး-ပါလက်စတိုင်း**

အစ္စရေး-ပါလက်စတိုင်းဒေသသည် လွန်ခဲ့သည့်နှစ်ပေါင်း ၃၅၀၀ ခန့် ဂျူးလူမျိုးများ ရေကြည်ရာ၊ မြက်နုရာ လှည့်လည်နေခဲ့ရသည့် နော်မင်ဒစ်ဘဝ (nomandic life) အား စွန့်လွှတ်ပြီး ဤနယ်မြေတွင် စတင်အခြေချခဲ့သည့်အချိန်မှ စတင်ခဲ့ပါသည်။ ယင်းဒေသသည် အာရှတိုက်၊ ဥရောပတိုက်နှင့် အာဖရိကတိုက်တို့၏ ဆုံချက်၊ တစ်ဆူတည်းသော ဖန်ဆင်းရှင်ဘုရားကို ကိုးကွယ်သည့် ဂျူး၊ ခရစ်ယာန်နှင့် အစ္စလာမ်ဘာသာများ ပေါ်ထွန်းရာနေရာနှင့် အင်ပါယာများ ပွတ်တိုက်သည့် ဆုံချက်ဖြစ်သည့်အားလျော်စွာ ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းကို ပုံဖော်ပေးသည့် နေရာလည်းဖြစ်သကဲ့သို့ အင်အားကြီးနိုင်ငံများ၏ လွှမ်းမိုးမှုကို အမြဲခံခဲ့ရသည့်ဒေသလည်း ဖြစ်ပါသည်။

အစ္စရေး-ပါလက်စတိုင်းဒေသသည် ရှေးယခင်က ပါရှန်၊ ဂရိ၊ ရောမနှင့် အော်တိုမန်အင်ပါယာတို့၏ အုပ်ချုပ်မှုတွင် ရှိခဲ့ပါသည်။ ပထမကမ္ဘာစစ်ပြီးဆုံးပြီးနောက် နိုင်ငံပေါင်းချုပ်အသင်းကြီးက ပါလက်စတိုင်းဒေသကို အုပ်ချုပ်ရန်အတွက် ဗြိတိန်ကို အာဏာအပ်နှင်းခဲ့ပါသည်။ ယင်းအချိန်မှစ၍ အာရပ်အမျိုးသားရေးဝါဒီများနှင့် ဂျူးဇီယွန်ဝါဒီများအကြား အငြင်းပွားမှုပဋိပက္ခများသည် အာရပ်လက်နက်ကိုင်အဖွဲ့နှင့် ဂျူးတို့အကြား တိုက်ပွဲများအဖြစ် တဖြည်းဖြည်း အသွင်ပြောင်းလဲလာခဲ့ကြပါသည်။

ဒုတိယကမ္ဘာစစ်အတွင်း ဟော်လိုကော့စ်ဟုခေါ်တွင်သည့် ဥရောပဂျူးများ အစုလိုက်အပြုံလိုက် အသတ်ခံခဲ့ရပြီးနောက် ဂျူးနိုင်ငံတော် ထူထောင်ရေးလှုပ်ရှားမှုများ ပိုမိုအားကောင်းလာခဲ့ပါသည်။ ဗြိတိန်တို့က ပါလက်စတိုင်းပြဿနာ (Question of Palestine) အား ကုလသမဂ္ဂ အထွေထွေညီလာခံသို့ ၁၉၄၇ ခုနှစ် ဧပြီလတွင်တင်ပြခဲ့ရာ ဂျူးနိုင်ငံနှင့် အာရပ်နိုင်ငံ နှစ်ခုအဖြစ် ခွဲထုတ်ရန် ဆုံးဖြတ်ခဲ့ပါသည်။ ယင်းနောက် အာရပ်စစ်သွေးကြွများသည် အာရပ်နိုင်ငံများမှ တိုက်ခိုက်သူအချို့၏ အကူအညီဖြင့် ဂျူးတို့အား တိုက်ခိုက်ခဲ့ပါသည်။ ပထမပိုင်းတွင် ဂျူးတို့ရှုံးနိမ့်ခဲ့သော်လည်း ဂျူးကာကွယ်ရေးအဖွဲ့အစည်းများက အာရပ်များအား ပြန်လည်တွန်းလှန်နိုင်ခဲ့ပြီး နယ်မြေကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပါသည်။ ဗြိတိသျှတို့၏ ပါလက်စတိုင်းနယ်မြေအုပ်ချုပ်မှုပြီးဆုံးသည့် ၁၄-၅-၁၉၄၈ ရက်နေ့တွင် ကုလသမဂ္ဂမှ သတ်မှတ်ပေးသောနယ်မြေတွင် အစ္စရေးနိုင်ငံထူထောင်ကြောင်း ကြေညာခဲ့ပါသည်။

အိမ်နီးချင်း အာရပ်နိုင်ငံများက အစ္စရေးနိုင်ငံ၏ ဖြစ်တည်မှုကို ဆန့်ကျင်ခဲ့ကြပြီး အစ္စရေး-အာရပ်စစ်ပွဲ ရှစ်ကြိမ်ဖြစ်ပွားခဲ့ပါသည်။ အဆိုပါစစ်ပွဲများတွင် အစ္စရေးက အနိုင်ရရှိခဲ့ပြီး ပါလက်စတိုင်းတို့ နိုင်ငံမဲ့ဖြစ်ကာ ဒုက္ခသည်သိန်းချီ၍ အိမ်နီးချင်း အာရပ်နိုင်ငံများတွင် ခိုလှုံခဲ့ကြပါသည်။

ပါလက်စတိုင်းတို့၏ အဓိကရည်မှန်းချက်မှာ အရှေ့ဂျေရုဆလင်အား မြို့တော်အဖြစ်သတ်မှတ်ပြီး နိုင်ငံထူထောင်ခွင့်ရရှိရေး၊ အိမ်နီးချင်းနိုင်ငံများသို့ ရောက်ရှိနေသည့် ပါလက်စတိုင်းဒုက္ခသည်များ နေရပ်ပြန်ခွင့်ရရှိရေး၊ ဖမ်းဆီးခံပါလက်စတိုင်းများအား ပြန်လွှတ်ပေးရေး၊ ပါလက်စတိုင်းနယ်မြေများတွင် ဂျူးများအိမ်ရာဆောက်လုပ်နေမှုများရပ်တန့်ရေး စသည်တို့ ဖြစ်ပါသည်။ အစ္စရေးတို့ဘက်ကမူ ၎င်းတို့၏ ဖြစ်တည်မှုတစ်နည်းအားဖြင့် အစ္စရေးနိုင်ငံအား ဂျူးလူမျိုးများ၏ နိုင်ငံအဖြစ် အာရပ်နိုင်ငံများက အသိအမှတ်ပြုရေးနှင့် ဂျေရုဆလင်မြို့တော်အား အစ္စရေးနိုင်ငံ၏ မြို့တော်အဖြစ် သတ်မှတ်ပေးရန် တောင်းဆိုထားပါသည်။

ယနေ့အထိ အစ္စရေးနှင့် ပါလက်စတိုင်းတို့အကြား ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်ကာ ပါလက်စတိုင်းနိုင်ငံအဖြစ် ရပ်တည်နိုင်မှုနှင့် နယ်မြေသတ်မှတ်မှုတို့ကို သဘောတူညီနိုင်ခြင်း မရှိသေးဘဲ လက်နက်ကိုင်ပဋိပက္ခများ (Armed Conflicts)၊ ပါလက်စတိုင်းအထွေထွေအုံကြွမှုများ (Palestine Intifada) နှင့် အကြမ်းဖက်တိုက်ခိုက်မှုများအကြား သံသရာလည်နေပြီး နှစ်ဖက် အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးခဲ့ကြရပါသည်။

**ကက်ရှ်မီးယားဒေသ**

ဗြိတိသျှတို့သည် ကိုလိုနီနယ်မြေတစ်ခုဖြစ်သည့် အိန္ဒိယနိုင်ငံအား ၁၉၄၇ ခုနှစ်တွင် လွတ်လပ်ရေးပေးသည့်အခါ ဘာသာရေးအပေါ်မူတည်၍ အိန္ဒိယနှင့် ပါကစ္စတန်ဟူ၍ နှစ်နိုင်ငံခွဲခြားခဲ့ပါသည်။ နယ်ခြားမျဉ်းဆွဲရန် နယ်မြေဒေသနှင့် ပကတိအခြေအနေများကို သိရှိခြင်းမရှိသည့် Cyril Radcliffe အား တာဝန်ပေးအပ်ခဲ့ပြီး ၎င်း၏ နယ်မြေသတ်မှတ်ချက်ကြောင့် ယနေ့အချိန်အထိ အိန္ဒိယနှင့် ပါကစ္စတန် နှစ်နိုင်ငံအကြားတွင် အဆုံးမသတ်နိုင်သည့် ပဋိပက္ခများ အထူးသဖြင့် ကက်ရှ်မီးယားဒေသပိုင်ဆိုင်မှုနှင့် ပတ်သက်၍ စစ်ပွဲများ၊ ပဋိပက္ခများ ဖြစ်ပွားခဲ့သည်မှာ ယနေ့ထိတိုင်ပင် ဖြစ်ပါသည်။

ယင်းသို့ နှစ်နိုင်ငံပိုင်းခြားသတ်မှတ်သည့်အချိန်တွင် Indian Independence Act of 1947 အရ ကက်ရှ်မီးယားဒေသ၏ မဟာရာဂျာသည် သီးသန့်နေရန် ဆုံးဖြတ်ခဲ့သော်လည်း ၁၉၄၇ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံဘက်မှ ကျူးကျော်ရန်စမှုကြောင့် အိန္ဒိယနိုင်ငံနှင့် ပူးပေါင်း၍ သဘောတူညီချက်ပြုလုပ်ကာ ကိုယ်ပိုင်အုပ်ချုပ်ရေး ရရှိခဲ့ပါသည်။ ပါကစ္စတန်နိုင်ငံမှ အဆိုပါသဘောတူညီချက်သည် တရားမဝင်ကြောင်း ကန့်ကွက်ခဲ့ရာမှ နယ်မြေပိုင်ဆိုင်မှုအပေါ် အငြင်းပွားမှုဖြင့် ၁၉၄၇ ခုနှစ်တွင်စတင်၍ ပထမအကြိမ် စစ်ပွဲဖြစ်ပွားခဲ့ပါသည်။

ကက်ရှ်မီးယားအရေးအခင်းအား ၁၉၄၉ ခုနှစ် ဇန်နဝါရီလတွင် ကုလသမဂ္ဂမှ ကြားဝင်စေ့စပ် ဖြေရှင်းပေးခဲ့သောကြောင့် နှစ်နိုင်ငံသည် ကြားခံစည်းသတ်မှတ်၍ စစ်ပြေငြိမ်းခဲ့ပြီး သဘောတူညီချက်များရယူကာ အိန္ဒိယနိုင်ငံမှ ကက်ရှ်မီးယားဒေသ၏ ၆၅ ရာခိုင်နှုန်းကိုလည်းကောင်း၊ ပါကစ္စတန်နိုင်ငံမှ ၃၅ ရာခိုင်နှုန်းကိုလည်းကောင်း အသီးသီးခွဲယူခဲ့ကြပါသည်။ သို့ရာတွင် အပြည့်အဝပိုင်ဆိုင်လိုမှုနှင့် လူမျိုးရေး၊ ဘာသာရေးပဋိပက္ခများ ဆက်လက်ဖြစ်ပွားခဲ့ပါသည်။

ယနေ့အချိန်တွင် ကက်ရှ်မီးယားဒေသအား သုံးနိုင်ငံမှ ပိုင်ဆိုင်ပြီး အိန္ဒိယနိုင်ငံမှ ဂျမ္မူး (Jammu)၊ ကက်ရှ်မီးယားတောင်ကြား(Kashmir Valley)နှင့် လာဒက်ခ်ခရိုင် (Ladakh) တို့အပါအဝင် နယ်မြေ ၅၅ ရာခိုင်နှုန်းကိုလည်းကောင်း၊ ပါကစ္စတန်နိုင်ငံမှ အဇက်ကက်ရှ်မီးယား (Azad Kashmir) နှင့် ဂီလ်ဂျစ်-ဘာလစ္စတန် (Gilgit-Baltistan) အပါအဝင် နယ်မြေ ၃၀ ရာခိုင်နှုန်းကိုလည်းကောင်း၊ ကျန် ၁၅ ရာခိုင်နှုန်းအား တရုတ်နိုင်ငံမှလည်းကောင်း ထိန်းချုပ်လျက်ရှိပါသည်။ ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် အိန္ဒိယအစိုးရမှ ဂျမ္မူးနှင့် ကက်ရှ်မီးယားတောင်ကြားတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးထားခြင်းအား ပြန်လည်ရုပ်သိမ်းခဲ့ပြီး ဗဟိုအစိုးရ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိရန်ဆုံးဖြတ်ခဲ့ပါသည်။

ပဋိပက္ခများ ဆက်လက်ဖြစ်ပွားရခြင်း၏ အကြောင်းရင်းများကို လေ့လာကြည့်မည်ဆိုပါက ကက်ရှ်မီးယားဒေသသည် အိန္ဒိယနှင့် ပါကစ္စတန် နှစ်နိုင်ငံလုံးအတွက် ပထဝီဝင်အနေအထားအရ အရေးပါပြီး ရေအရင်းအမြစ်နှင့် လျှပ်စစ်စွမ်းအင်ရရှိရေးအတွက် အရေးကြီးသည့်ဒေသအား အပြည့်အဝပိုင်ဆိုင်လိုခြင်း၊ မတူကွဲပြားသည့် လူမျိုးစုများ၊ ဘာသာဝင်များ အများအပြားနေထိုင်လျက်ရှိပြီး ဒေသခွဲများလည်း များစွာရှိသည့်အတွက် နိုင်ငံရေးနှင့် ဘာသာရေးရည်မှန်းချက်များ ကိုယ်စီရှိခြင်း၊ အိန္ဒိယနိုင်ငံမှ ပိုင်ဆိုင်သည့် ကက်ရှ်မီးယားတောင်ကြားသည် အစ္စလာမ်ဘာသာဝင်များ အများစုနေထိုင်သည့် နယ်မြေဖြစ်သည့်အတွက် ၎င်းတို့မှ အိန္ဒိယအစိုးရ၏ အုပ်ချုပ်မှုအောက်မှ ခွဲထွက်လိုခြင်းနှင့် ၎င်းတို့မှ လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားခြင်း၊ အဆိုပါအကြမ်းဖက်တိုက်ခိုက်မှုများအား ပါကစ္စတန်အစိုးရမှ ထောက်ပံ့မှုများပေးအပ်လျက်ရှိပြီး မတည်ငြိမ်မှုများကို ဖန်တီးစေလျက်ရှိခြင်းကြောင့် ယနေ့ထက်တိုင် တင်းမာမှုများ၊ ပဋိပက္ခများ၊ စစ်ပွဲများ ဖြစ်ပွားလျက်ရှိသည်မှာ နှစ် ၇၀ နီးပါးခန့် ရှိပြီဖြစ်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# တွန်းဇံမြို့နယ်တွင် ပိုးမွေးမြူရေးလုပ်ငန်း ပြန်လည်လုပ်ကိုင်နိုင်ရန် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်ရန် လိုအပ်

**နေပြည်တော် စက်တင်ဘာ ၁၁**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း၏ **တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ ကျေးရွာများတွင် ပြည်သူ့စစ်များကို မည်သည့်အတွက်ကြောင့် ထားရှိပြီး ပြည်သူ့စစ်များ၏ လုပ်ဆောင်ချက်များနှင့် ပြည်သူ့စစ်အဖွဲ့များကို မည်သည့်ဌာနအဖွဲ့အစည်းက တာဝန်ခံမည်ကို သိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က တပ်မတော်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေများတွင် ရပ်ကွက်၊ ကျေးရွာ၊ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းခွင်စသည့် အချက်အချာကျသော နေရာများတွင် စစ်ရေးလိုအပ်ချက်အရ ပြည်သူ့စစ် (ဌာနေ) အဖွဲ့များ ဖွဲ့စည်းထားရှိပါကြောင်း၊ ၎င်းအဖွဲ့များသည် နယ်မြေလုံခြုံရေး၊ ဆက်သွယ်ရေးလမ်းကြောင်းများ လုံခြုံရေး၊ အချက်အချာကျသောနေရာများ (တံတား/ လျှပ်စစ်တာဝါတိုင်နှင့် စက်ရုံ၊ အလုပ်ရုံစသည့် လုပ်ငန်းခွင်) (သတ္တုတွင်းနယ်မြေ)၊ သစ်တောကြိုးဝိုင်းနယ်မြေစသည်များ၏ လုံခြုံရေးကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အရပ်ဘက်အုပ်ချုပ်မှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးတွင် ပြည်သူ့စစ် (ဌာနေ) အဖွဲ့များ ဖွဲ့စည်းထားရခြင်းမှာ ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုအန္တရာယ်ကို ချေမှုန်းနိုင်ရေးအတွက် ရေတိုရည်မှန်းချက်အရ ဖွဲ့စည်းထားခြင်းဖြစ်ပြီး ရေရှည်တွင် ပြည်သူလူထုတစ်ရပ်လုံးက မိမိနိုင်ငံတော်အား ကာကွယ်စောင့်ရှောက်သည့် ပြည်သူ့စစ်မဟာဗျူဟာအစီအမံ၏ အစိတ်အပိုင်းအဖြစ် ပါဝင်ဆောင်ရွက်နိုင်မည့် ပြည်သူ့စစ် (ဌာနေ)အဖွဲ့များအဖြစ် ဖွဲ့စည်းထားရှိခြင်း ဖြစ်ပါကြောင်း။

ဖွဲ့စည်းထားရှိသော ပြည်သူ့စစ်(ဌာနေ)အဖွဲ့များအား တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ရင်း၊ တပ်ဖွဲ့များမှ ဖွဲ့စည်းရေး၊ လေ့ကျင့်ရေး၊ လက်နက်တပ်ဆင်ရေးနှင့် တာဝန်ခွဲဝေသတ်မှတ်ပေးအပ်ရေးအပိုင်းတို့ကို တာဝန်ယူဆောင်ရွက်ပါကြောင်း၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များက ၎င်းတို့နယ်မြေအလိုက် ဖွဲ့စည်းထားသည့် ပြည်သူ့စစ်အဖွဲ့များအား ကြီးကြပ်ကွပ်ကဲပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံးက ကြီးကြပ်ကွပ်ကဲလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၏ **စေတုတ္တရာမြို့နှင့် အောက်ဘက်ကျေးရွာများအတွက် မုန်းတမံ အရန်ရေပိုလွှဲအား အမြန်ပြီးစီးအောင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က မုန်းချောင်းရေလှောင်တမံရှိ ပင်မရေပိုလွှဲနှင့် ရေကျများကို မိုးရာသီကာလ ရေကျော်ကျမှုဒဏ်ခံနိုင်သည်အထိ ပြုပြင်တည်ဆောက်ပေးထားပြီးဖြစ်ပါကြောင်း၊ နောင်ရေရှည်ကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုတို့အတွက် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည့် ပင်မရေပိုလွှဲ၏ ရေကျအမှတ်(၂)အပေါ်ပိုင်းနှင့် အကူရေပိုလွှဲ အပြီးသတ်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို (၂၀၁၉-၂၀၂၀)ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေ ခွဲဝေရရှိမှုအပေါ်မူတည်၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားသည်။

## ပိုးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ပိုးစာပင်စိုက်ပျိုးခြင်းနှင့် ပိုးမွေးမြူရေးသင်တန်းများပေး၍ နည်းပညာများကို ဖြန့်ဖြူးပေးလျက်ရှိ

တွန်းဇံမဲဆန္ဒနယ်မှ ဦးခမ်ခန့်ထန်၏ **တွန်းဇံမြို့တွင် ပိုးမွေးမြူရေးလုပ်ငန်း ပြန်လည်လုပ်ကိုင်နိုင်ရန် လိုအပ်သည့် အရင်းအနှီး၊ နည်းပညာနှင့် ဈေးကွက်များ ကူညီပံ့ပိုးပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တွန်းဇံမြို့နယ်တွင် ပိုးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ပိုးစာပင်စိုက်ပျိုးခြင်းနှင့် ပိုးမွေးမြူရေးသင်တန်းများပေး၍ နည်းပညာများကို ဖြန့်ဖြူးပေးလျက်ရှိပြီး ပြင်ဦးလွင်ရှိ ပိုးစာခြံများမှ အရည်အသွေးကောင်းမွန်သော ပိုးစာပင်မျိုးများကို ဖြန့်ဖြူးပေးခြင်း၊ ယခင်မျိုးများထက် အထွက်နှင့် ရောဂါဒဏ်ခံနိုင်မှု ပိုမိုကောင်းမွန်သော မျိုးပိုးဥများကို ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သဖြင့် ဒေသလုပ်ငန်းလိုအပ်ချက်နှင့်အညီ ကူညီဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း။

တွန်းဇံမြို့နယ်တွင် ပိုးမွေးမြူရေးလုပ်ငန်း ပြန်လည်လုပ်ကိုင်နိုင်ရန်အတွက် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများအား ဒေသအစိုးရမှ ဖိတ်ခေါ်ဆောင်ရွက်ရန် လိုအပ်ပြီး နည်းပညာနှင့်ပတ်သက်၍ စိုက်ပျိုးရေးဦးစီးဌာနမှ အပြည့်အဝပံ့ပိုးပေးနိုင်မည်ဖြစ်ပါကြောင်း၊ ထွက်ရှိလာသော ပိုးအိမ်များအတွက် ဈေးကွက်ရရှိရေးအတွက် ပြည်တွင်းရှိ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဖရူဆိုမဲဆန္ဒနယ်မှ ဦးပဲ့ဒူ၏ **မယ်စဲ့ဝင်ပေါက် BP-13 မှတစ်ဆင့် လွိုင်ကော်မြို့အထိ ပြည်ပခရီးသွားများ နှစ်ညအိပ် သုံးရက်ခရီးစဉ် သို့မဟုတ် ခြောက်ညအိပ် ခုနစ်ရက်ခရီးစဉ် လည်ပတ်ခွင့်ရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက လည်းကောင်း၊ ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ငွေ၏ **ကျောက်ကြီးမြို့နယ် ညောင်ပင်သာရွာမှ အရှေ့ဘက် ဒိုက်ပုံချောင်းကမ်းပါးအထိ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကုန်ထုတ်ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၏ **ပွင့်ဖြူမြို့နယ် မုန်းရေအားလျှပ်စစ်စက်ရုံနှင့် ကြီးအုံကြီးဝရေအားလျှပ်စစ်စက်ရုံများမှ**



ဒုတိယဝန်ကြီး
ဦးလှကျော်



တွန်းဇံမဲဆန္ဒနယ်မှ
ဦးခမ်ခန့်ထန်



ဝက်လက်မဲဆန္ဒနယ်မှ
ဦးမြင့်သိန်း



အင်းတော်မဲဆန္ဒနယ်မှ
ဒေါက်တာဒေါ်ပြုံး

**ရေအားနည်း၍ သော်လည်းကောင်း၊ စက်ပစ္စည်းများ ချို့ယွင်းပျက်စီး၍ သော်လည်းကောင်း မလည်ပတ်နိုင်သည့်အခါ စိုက်ပျိုးရေရရှိအောင် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်း** မေးခွန်းနှင့် မုံရွာမဲဆန္ဒနယ်မှ ဦးညွန့်အောင်၏ **မုံရွာမြို့ အောက်ဘက်ရှိ ပေါက်ပင်ရွာချောင်းအား ပိတ်လိုက်သဖြင့် ချင်းတွင်းမြစ်ရေလျှံတက်မှုမရှိတော့သောကြောင့် လယ်ယာမြေများနှင့် သဘာဝအရင်းအမြစ်များ ပျက်စီးနေမှုများကို ထိန်းသိမ်းကာကွယ်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က လည်းကောင်း ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း** ကို လက်ခံရရှိကြောင်းတင်ပြပြီး ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများ စနစ်တကျ သုံးစွဲတတ်အောင် လေ့ကျင့်သင်ကြားပေးရန်နှင့် အပြင်းစားဆေးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းကို စိစစ်ကြပ်မတ်တားဆီးပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ဆွေးနွေး

ယင်းနောက် ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း၏ **စိုက်ပျိုးရေးထုတ်ကုန် အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ဂေဟစနစ် မပျက်စီးရေးအတွက် ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများ စနစ်တကျ သုံးစွဲတတ်အောင် လေ့ကျင့်သင်ကြားပေးရန်နှင့် အပြင်းစားဆေးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းကို စိစစ်ကြပ်မတ်တားဆီးပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို** ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း** က စိုက်ပျိုးထုတ်လုပ်သည့် ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများအားလုံး ဓာတုဓာတ်ကြွင်းကင်းစင်ရန် မထိန်းနိုင်သေးပါကြောင်း၊ သီးနှံအပေါ်အသုံးပြုထားသည့် မြေသြဇာ၊ ပိုးသတ်ဆေးအာနိသင်များကို စိုက်ပျိုးသူကသာ ကိုယ်တိုင်ချိန်ဆသုံးစွဲထားခြင်းဖြစ်ပါကြောင်း၊ ယခုခေတ်တွင် မြေသြဇာနှင့် ပိုးသတ်ဆေးမသုံးပါက မည်သည့်စိုက်ပျိုးသီးနှံမျှ အောင်မြင်ဖြစ်ထွန်းရန် မလွယ်ကူပါကြောင်း၊ ဘေးထွက်ဆိုးကျိုးများသည် ချက်ချင်းမဖြစ်ပေါ်သေးသော်လည်း ရေရှည်တွင် မလွဲမသွေဖြစ်ပေါ်လာမည် ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများရရှိရန် GAP စနစ်ကိုလည်း အကောင်အထည်ဖော်နေသည်ကို တွေ့ရှိရသော်လည်း ထိရောက်အောင်မြင်သော အကောင်အထည်ဖော်ဆောင်ရွက်မှုဖြစ်ရန်လည်း လိုအပ်ပါကြောင်း၊ စိုက်ပျိုးသီးနှံများ ထွက်ရှိရာ မူလကျေးလက်တောရွာအဆင့်များအထိ ကျယ်ပြန့်စွာဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

**အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး** က လူထုအတွက် စားနပ်ရိက္ခာ ဖူလုံစွာစားသုံးရမည့်အပြင် ဘေးအန္တရာယ်ကင်းရှင်းရန်တို့အတွက် အလေးထားဆောင်ရွက်ကြရာတွင် စားသုံးနေသည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများသည် စိုက်ပျိုးရေးဓာတုဗေဒဆေးဝါးများနှင့် ဓာတ်ကြွင်းဓာတ်ကျန်များ ကင်းစင်ရန်လိုအပ်ပါကြောင်း၊ စနစ်တကျမသုံးစွဲသည့် စိုက်ပျိုး၊ ထုတ်လုပ်၊ ရောင်းချသူများကြောင့် သဘာဝပတ်ဝန်းကျင်နှင့် စားသုံးသူများ ဓာတုအဆိပ်သင့်ခြင်းနှင့် လူတို့၏ ကျန်းမာရေးကို အလွန်ထိခိုက်ပြီး စနစ်တကျမထိန်းချုပ်ပါက နိုင်ငံတော်အတွက် မလိုလားအပ်သော ဝန်ထုပ်ဝန်ပိုး ဖြစ်လာနိုင်မည် ဖြစ်ပါကြောင်း။

တောင်သူများ၊ ကုန်သည်များကို ဓာတ်မြေသြဇာနှင့် စိုက်ပျိုးရေးဓာတုဗေဒဆေးဝါးများ၏ အာနိသင်များကို စနစ်တကျ သုံးစွဲတတ်ရန် ပညာပေးခြင်း၊ စိုက်ပျိုးရေးနည်းစနစ်များနှင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများရရှိရန်အတွက် ရက်တိုသင်တန်းများနှင့် တောင်သူလယ်သမားသင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ သုတေသနနှင့် လေ့ကျင့်ရေးသင်တန်းကျောင်းများ ပိုမိုဖွင့်လှစ်ပေးခြင်း၊ စံပြစိုက်ခင်းများ တည်ထောင်ပေးခြင်း၊ လိုအပ်သော မျိုးစေ့၊ ပျိုးပင်များနှင့် စက်ယန္တရား၊ နည်းပညာများ ထောက်ပံ့ပေးခြင်းစသည်တို့ဖြင့် တန်ဖိုးမြင့်လယ်ယာထွက်ကုန်များ ထုတ်လုပ်ခြင်းကို နိုင်ငံတော်မှ အားပေးသင့်ပါကြောင်း၊ ပိုးသတ်ဆေးဆိုင်ရာဥပဒေ၊ မျိုးစေ့ဆိုင်ရာဥပဒေ၊ မြေသြဇာဥပဒေ၊ စားသုံးသူကာကွယ်ရေးဥပဒေနှင့် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေစသည့် ဥပဒေများနှင့်အညီ နိုင်ငံတော်မှကောင်းမွန်သော မူဝါဒများချမှတ်ပြီး နိုင်ငံသားများအား စိုက်ပျိုးရေးဓာတုအဆိပ်သင့်ခြင်းမှ ကာကွယ်ပေးရန်လိုအပ်ပါကြောင်း ဆွေးနွေးသည်။

**ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း** က ပိုးသတ်ဆေး၊ ဓာတ်မြေသြဇာများ စနစ်တကျ သုံးစွဲတတ်ရန်အတွက် လေ့ကျင့်သင်ကြားပေးခြင်းနှင့် GAP စနစ်ကိုပါ ပူးတွဲမျှဝေပေးစေလိုပါကြောင်း၊ GAP စနစ်သည် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သီးနှံအရည်အသွေးကောင်းမွန်စေရေးတို့ကို ဦးတည်သောကြောင့် အဆိုတွင်ပါရှိသည့် ရည်ရွယ်ချက်နှင့်လည်း ကိုက်ညီမှုရှိနေပါကြောင်း၊ စိုက်ပျိုးရေးအလေ့အကျင့်ကောင်းဆိုသည်မှာ ထွန်ယက်၊ စိုက်ပျိုး၊ ရိတ်သိမ်းပြီးချိန်မှ စားသုံးသူထမင်းစားပွဲဝိုင်းရောက်သည်အထိ အဆင့်ဆင့်တိုင်း၏ လုပ်ဆောင်ချက်များမှာ အစားအစာဘေးကင်းလုံခြုံရေးကို ဦးတည်ဆောင်ရွက်ခြင်း ဖြစ်သောကြောင့် ထိုအလေ့အကျင့်ကောင်းများကို စိုက်ပျိုးတောင်သူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် ကြိုးစားဆောင်ရွက်ပေးစေလိုပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းဥက္ကာ၊ မဘိမ်းမဲဆန္ဒနယ်မှ ဦးအောင်မြင့်ရှိန်၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း၊ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်းနှင့် ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ) ဦးအတွတ်တို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဝန်ကြီးဌာနအနေဖြင့် ပြဋ္ဌာန်းထားသည့် မြေသြဇာဥပဒေတွင် ကော်မတီ၏ ခွင့်ပြုချက်အရ ဓာတ်မြေသြဇာတင်သွင်းရန် ထောက်ခံချက်၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ ပိုးသတ်ဆေးများ တင်သွင်းခွင့်ထောက်ခံချက်နှင့် ဈေးနှုန်းထောက်ခံချက်တို့ဖြင့် စိစစ်၍ ကုန်သွယ်ရေးဦးစီးဌာနမှ သွင်းကုန်လိုင်စင်ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ အကောက်ခွန် ဦးစီးဌာနအနေဖြင့် တင်သွင်းလာသော ကုန်ပစ္စည်းများကို သွင်းကုန်လိုင်စင်ပါ ဖော်ပြချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိကို အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ခြင်း၊ တရားမဝင်ကုန်ပစ္စည်းများ တင်သွင်းနိုင်သည့် နယ်စပ်တစ်လျှောက်ရှိ ဝင်/ထွက်ပေါက်များမှ ဝင်ရောက်မှုမရှိစေရေးအတွက် ကုန်သွယ်မှုလမ်းကြောင်းပေါ်ရှိ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ ဖွဲ့စည်းထားသော တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး အထူးအဖွဲ့များဖြင့် တားဆီးဖမ်းဆီးဆောင်ရွက်လျက်ရှိပါကြောင်း။

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းပြီး ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ ဘေးအန္တရာယ်ရှိ၊ မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းနှင့် အန္တရာယ်ရှိသည့် ကုန်ပစ္စည်းများကို သိမ်းဆည်းခြင်း၊ ဖျက်ဆီးခြင်းများဖြင့် အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ဈေးကွက်များသို့ သွားရောက်စစ်ဆေးပညာပေးခြင်းလုပ်ငန်းစဉ်ကို ၂၀၁၇ ခုနှစ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

## ပိုးသတ်ဆေးများကို စနစ်တကျလုံခြုံစွာ၊ အန္တရာယ်ကင်းရှင်းစွာ သုံးစွဲနိုင်ရန်တို့အတွက် ပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိ

စိုက်ပျိုးရေးဦးစီးဌာနသည် စိုက်ပျိုးရေးထုတ်ကုန်အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်၍ သီးနှံစိုက်ပျိုးရမည့် မျိုးရွေးချယ်ချိန်မှစ၍ အပင်ခူးဆွတ်ရိတ်သိမ်းသည်အထိ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) စနစ်ဖြင့် ဆောင်ရွက်ရန်၊ ပိုးသတ်ဆေးသုံးစွဲမှုလျှော့ချရန်၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်များကို ပေါင်းစပ်အသုံးပြုရန်၊ ပိုးသတ်ဆေးများကို စနစ်တကျလုံခြုံစွာ၊ အန္တရာယ်ကင်းရှင်းစွာ သုံးစွဲနိုင်ရန်တို့အတွက် ပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဓာတုကင်းလွတ်စိုက်ပျိုးနည်းနှင့် သဘာဝပိုးသတ်ဆေးများ အလွယ်တကူ ဖော်စပ်သုံးစွဲနည်း သင်တန်းများ၊ သဘာဝမြေဆွေးပြုလုပ်သုံးစွဲနည်းများကို သင်တန်းများ ဖွင့်လှစ်လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း၊ နည်းပညာပြန့်ပွားရေးအတွက် တောင်သူပညာပေးသင်တန်းများအပါအဝင် ဆွေးနွေးပွဲများကိုလည်း ပြည်သူများ သိမြင်နိုင်ရန်အတွက် ပြည်သူလူထုထံသို့ရောက်အောင် ပုံမှန်ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ကြောင့် စိုက်ပျိုးရေးထုတ်ကုန်အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ဂေဟစနစ်မပျက်စေရေးတို့အတွက် ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများ

*စာမျက်နှာ ၈ သို့*

# ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား ရရှိရန်အတွက် ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်လျက်ရှိ



ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်



ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၁၁) မှ ဒေါ်ထုမေ



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကျော်သောင်း



ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း

**နေပြည်တော် စက်တင်ဘာ ၁၁**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ် (၁၁) မှ ဒေါ်ထုမေ၏ **ရခိုင်ပြည်နယ်အတွင်း အခြေခံလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်ဓာတ်အားကို အဆောလျင်ဆုံး အပြည့်အဝရရှိနိုင်ရေးအတွက် စီမံဆောင်ရွက်မှုအခြေအနေ (ရခိုင်ပြည်နယ် လျှပ်စစ်မီး ရရှိရေး Master Plan)** ကို သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် က ရခိုင်ပြည်နယ်သည် ၂၀၁၄ ခုနှစ်မှ စတင်၍ မဟာဓာတ်အားလိုင်းစနစ်မှ လျှပ်စစ်ဓာတ်အားစတင်ဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း၊ ၂၀၁၉ ခုနှစ် ဇူလိုင်လစာရင်းများအရ မဟာဓာတ်အားလိုင်းစနစ်မှ ပြည်နယ်အတွင်းသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးထားသည်မှာ မြို့များအနေဖြင့် ၂၆ မြို့ရှိရာ တွင် ၂၂ မြို့ကို လျှပ်စစ်ဓာတ်အား ပေးထားနိုင်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ကျန်ရှိနေသည့် မြို့များ၊ ကျေးရွာများကို ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း အခြေခံလိုအပ်ချက်ဖြစ်သည့် ၆၆ ကေဗွီ နှင့် ၃၃ ကေဗွီဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကို တိုးချဲ့တည်ဆောက်သွားရန် စီမံလျာထားပါကြောင်း။

ထို့ပြင် ၆၆ကေဗွီနှင့် ၃၃ကေဗွီ ခွဲရုံများ တည်ဆောက်နိုင်သည်နှင့်အမျှ ဆက်လက်တည်ဆောက်ဓာတ်အားဖြန့်ဖြူးရန်လိုအပ်သည့် ၁၁ ကေဗွီဓာတ်အားလိုင်းများနှင့် ၁၁/၀ ဒသမ ၄ ကေဗွီဓာတ်အားခွဲရုံတည်ဆောက်ခြင်း လုပ်ငန်းများကို World Bank ချေးငွေဖြင့် National Electrification Project အစီအစဉ်အောက်မှလည်းကောင်း၊ ပြည်နယ်အစိုးရ၏ ဘတ်ဂျက်ဖြင့် နှစ်စဉ်လျာထား၍ လည်းကောင်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား ရရှိရန်အတွက် ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်လျက်ရှိသဖြင့် ရခိုင်ပြည်နယ်ကိုလည်း ၎င်းကာလတွင် လျှပ်စစ်ဓာတ်အားအပြည့်အဝ ဖြန့်ဖြူးပေးနိုင်ရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း၏ **စစ်ကိုင်းမြို့နယ် မြင်းဆည်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းအတွင်း ဆောက်လုပ်လျက်ရှိသော ကျောင်းဆောင်အား မည်သည့်အချိန်တွင် ပြီးစီးအောင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက လွှတ်တော်ကိုယ်စားလှယ် တင်ပြသကဲ့သို့ ဆောက်လုပ်ဆဲကျောင်းဆောင်မှာ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း တည်ဆောက်ရေးရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့် ကျောင်းဆောင်ဖြစ်ပြီး လမ်းတံတားဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့သည့် လုပ်ငန်းဖြစ်ပါကြောင်း၊ အဆိုပါ ကျောင်းသည် မူလက ပေ ၁၂၀× ၃၀ သွပ်မိုးအုတ်ညှပ်တစ်ဆောင် ဆောက်လုပ်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့သော်လည်း ရေဝင်ဒေသဖြစ်သည့်အတွက် Plinth Level ၆ ပေတိုးမြှင့်ပြီး RC စနစ်ဖြင့် တည်ဆောက်ခဲ့သည့်အတွက် ရန်ပုံငွေရရှိမှုအရ ပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်း မရှိပါကြောင်း။

အဆိုပါ ရန်ပုံငွေ မလောက်သည့်ကိစ္စကို ဆက်လက်ဆောင်ရွက်ရာတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဖြည့်စွက်ရန်ပုံငွေ ထပ်မံတင်ပြခဲ့ရာ ကျောင်းဆောင်အပြီးသတ်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရန်ပုံငွေကျပ် ၄၃ ဒသမ ၆၆၃ သန်းဖြင့် ဆောက်လုပ်ဆဲ ကုမ္ပဏီမှ ဆက်လက်ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ ဘဏ္ဍာငွေစီစဉ်ပြီး ဆောက်လုပ်ရေးလည်း ဆက်လက်ဆောင်ရွက်နေသည့်အတွက် ၂၀၁၉ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် လွှဲပြောင်းအပ်နှံရန် အစီအစဉ်ရှိသည်ဟု သိရှိရပါကြောင်း ဖြေကြားသည်။

## တက္ကသိုလ်ဝင်စာမေးပွဲ လျှောက်ထားရာတွင် မိမိဖြေဆိုလိုသည့် စာစစ်ဌာနကို ပြည့်စုံစွာ ထည့်သွင်းလျှောက်ထားရန် လိုအပ်

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၏ **ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် လက်ပံရေကျော်ကျေးရွာအုပ်စု ရေကျော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်း ဖြေဆိုကြမည့် ကျောင်းသား/ ကျောင်းသူများအား အုတ်ဖိုမြို့နယ် အိုးသည်ကုန်းမြို့ စာစစ်ဌာနသို့ ပြောင်းရွှေ့ဖြေဆိုခွင့်ပြုရန် ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ရေကျော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရာတွင် အုတ်ဖိုမြို့နယ် အိုးသည်ကုန်း အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနတွင် ဖြေဆို၍ ရပါကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ လျှောက်ထားရာတွင် မိမိဖြေဆိုလိုသည့် စာစစ်ဌာနကို ပြည့်စုံစွာ ထည့်သွင်းလျှောက်ထားရန် လိုအပ်ပါကြောင်းနှင့် လျှောက်ထားလာသည်နှင့်အမျှ အုတ်ဖိုမြို့နယ် အိုးသည်ကုန်းအခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန ဝင်ဆံ့အင်အားရှိသလောက် လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ စောယှားဖောင်အွာ၏ **ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် (ကော့ကရိတ် - အစွန်း - ကြိတ် - ကျိုက်ဒုံ) လမ်းပေါ်ရှိ အစွန်းချောင်း၊ မိဖလိုင်းချောင်း၊ လမ်းဖားချောင်း၊ ကြိတ်ချောင်းများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တံတားများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း** နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားသည့် တံတား ၄ စင်းကို နှစ်လမ်းသွား သံကူကွန်ကရစ်တံတားများအဖြစ် တည်ဆောက်နိုင်ရန်အတွက် ပဏာမကြိုတင်ဖြစ်နိုင်စွမ်း လေ့လာဆန်းစစ်မှုကို ပြုလုပ်ခဲ့ပါကြောင်း၊ ထိုသို့လေ့လာဆန်းစစ်မှုအရ မိဖလိုင်းချောင်းတံတား အရှည်ပေ ၃၀၀၊ အစွန်းချောင်းတံတား အရှည်ပေ ၁၂၀၊ လမ်းဖားချောင်းတံတား အရှည်ပေ ၂၀၀ နှင့် ကြိတ်ချောင်းတံတား အရှည်ပေ ၉၀၀ တို့ကို သံကူကွန်ကရစ်တံတားများ တည်ဆောက်နိုင်ရေးအတွက် ၂၀၁၉ - ၂၀၂၀ဘဏ္ဍာနှစ် ရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံခဲ့သော်လည်း ရန်ပုံငွေခွဲဝေရရှိမှုအရ ပါဝင်ခဲ့ခြင်းမရှိသည့်အတွက် ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ် ရန်ပုံငွေတွင် ထပ်မံ၍ လျာထားတင်ပြတောင်းခံသွားမည် ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိပါက အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲ့ခိန်း၏ **ချင်းပြည်နယ် ဟားခါးခရိုင် ထန်တလန်မြို့နယ် ဆူရင်းကျေးရွာအုပ်စု သဘောင်ချောင်း၌ အသေးစားရေအားလျှပ်စစ် ထုတ်လုပ်အသုံးပြုနိုင်ရေးအတွက် ထောက်ပံ့ကူညီပေးရန် အစီအစဉ် ရှိ၊မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က လည်းကောင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ **ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ကျေးရွာ ၁၂ ရွာရှိ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) များတွင် အထက်တန်းပြ ဆရာ/ဆရာမများ အချိန်မီခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း က လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄) မှ ဦးလှဦး၏ **စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်အတွင်းရှိ မင်းခေါင်-ငမြှောင်တောင်လမ်းအား ကတ္တရာလမ်းအဖြစ် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇)မှ ဦးရဲမြင့်စိုး၏ **ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်အတွင်း လက်ပံချောင်းကျေးရွာ ချောင်းကူးတံတားအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်းမေးခွန်း**နှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်ဇော်ဦး၏ **မွန်ပြည်နယ် ကျိုက်မရောမြို့နယ်ရှိ တရနာ-ဘုရားကုန်းလမ်း ၃၉ မိုင် ၇ ဖာလုံ ပေ ၉၀ လမ်းပိုင်းအား လိုအပ်နေသော နေရာတွင် ၁၈ ပေ အကျယ် လမ်းအဖြစ် တိုးချဲ့ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်း မေးခွန်း**တို့နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း ကလည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

## ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်း

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းလွင်က **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ပြန်လည်ဖတ်ကြား ရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါ ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမင်းဆွေက အဆိုပါ ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် အဆိုတင်သွင်းရာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉) မှ ဦးမောင်မောင်လတ်က ထောက်ခံသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူ မရှိသည့်အတွက် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာသည်။

## အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်း

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာမျိုးအောင် က **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ** ကို ပြန်လည်ဖတ်ကြား ရှင်းလင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမင်းဆွေ က အဆိုပါ ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် အဆိုတင်သွင်းရာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ် က ထောက်ခံသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့် အတိုင်း အတည်ဖြစ်ကြောင်း ကြေညာသည်။

## တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်း

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးလားလ်မင်းထန် က **တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမင်းဆွေ က အဆိုပါဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် အဆိုတင်သွင်းရာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ် ကထောက်ခံသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုကို အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် တိုင်းဒေသကြီး လွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို စက်တင်ဘာ ၁၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ ဟန်လင်းနိုင်**

---

*စာမျက်နှာ ၇ မှ*

စနစ်တကျသုံးစွဲတတ်စေရန်အတွက် ပညာပေးမှု၊ လေ့ကျင့်ပေးမှုများကို ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး တင်သွင်းဖြန့်ဖြူးမှုအပိုင်းတွင်လည်း ဝန်ကြီးဌာနများက သက်ဆိုင်ရာ ပြဋ္ဌာန်းထားသည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ကြပ်မတ်တားဆီးရေးလုပ်ငန်းများကို ထိန်းကျောင်းပြီး စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသောကြောင့် အဆိုပါ လုပ်ငန်းအစီအမံများနှင့် မိမိတို့ စီမံဆောင်ရွက်နေမှုတို့သည် ညီညွတ်မှုရှိနေသည့်အတွက် အဆိုအား မှတ်တမ်းတင်ထားရှိသင့်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က မှတ်တမ်းတင်ပေးပါရန် ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား မှတ်တမ်းတင်ရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူ မရှိသည့်အတွက် မှတ်တမ်းတင်မည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို စက်တင်ဘာ ၁၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်၊ ကျော်ဇင်ထိုက်**

# New Media Training and Discussion သင်တန်းဖွင့်လှစ်




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ၊ နည်းပြများ၊ သင်တန်းသား သင်တန်းသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

**နေပြည်တော် စက်တင်ဘာ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးတို့ ပူးပေါင်းစီစဉ်ဖွင့်လှစ်သည့် New Media Training and Discussion သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**မြန်ဆန်မှုသည် အရေးကြီး**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိုင်ငံပိုင်မီဒီယာများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုဂ္ဂလိက မီဒီယာများဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စဉ်းစားသည့်အခါ New Media ၏အရေးပါပုံကို မြင်ရပါကြောင်း၊ New Media သည် လျင်မြန်ခြင်း၊ ပျံ့နှံ့မှုနှုန်းလွယ်ကူမြန်ဆန်ခြင်း၊ သတင်းပမာဏများစွာကို တစ်ပြိုင်နက် ဖြန့်ချိနိုင်ခြင်းနှင့် ထုထည်ပမာဏ၊ နယ်နိမိတ်နှင့် အချိန်ကန့်သတ်ချက်များကို ကျော်လွှားနိုင်ပါကြောင်း၊ သတင်းနှင့်ပတ်သက်၍ မြန်ဆန်မှုသည် အရေးကြီးသည့် လက္ခဏာတစ်ရပ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် သမားရိုးကျမီဒီယာမှ New Media သို့ ပြောင်းလဲကြရမည် ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် ပြောင်းလဲရန် ကြိုးပမ်းနေသည့်ကာလ၌ တစ်ဖက်တွင် သတင်းဖတ်ရှုသူများအနေဖြင့် New Media ကို တွင်ကျယ်စွာ အသုံးပြုနေကြပြီဖြစ်ပါကြောင်း၊ New Media တွင် ရေးသားဖော်ပြမှုများ၏ ကောင်းကျိုးများနှင့် ဆိုးကျိုးများကို ရောနှောသုံးစွဲနေချိန်တွင် ဆိုးကျိုးများကိုသာ ထောက်ပြကာကွယ်တားဆီးနေရုံဖြင့် မပြီးဘဲ မိမိတို့ ကိုယ်တိုင်သတင်းမှန်များ၊ အများပြည်သူအတွက် အကျိုးပြုသည့် သတင်းများကို New Media မှ ထိထိရောက်ရောက် ဖြန့်ချိပေးနိုင်ရန် ကြိုးပမ်းသွားကြရမည် ဖြစ်ပါကြောင်း။

**မှန်ကန်သည့်သတင်းများ ပေးနိုင်ရေး**

မီဒီယာသည် အသွင်သဏ္ဌာန်နှင့် နည်းပညာများ ပြောင်းလဲလာသည်နှင့်အမျှ ထုတ်လုပ်ရမည့် ပုံသဏ္ဌာန်များသည် မလွဲမသွေ ပြောင်းလဲကြရမည်ဖြစ်ပါကြောင်း၊ အများပြည်သူကို မှန်ကန်သည့် သတင်းအချက်အလက်များပေးနိုင်ရေး၊ အများပြည်သူအသိပညာဖွံ့ဖြိုးတိုးတက်ရေး၊ အများပြည်သူကို သန့်ရှင်းသည့် ဖျော်ဖြေမှုများ ပေးနိုင်ရေးသည် နိုင်ငံပိုင်မီဒီယာများ၏ ရည်ရွယ်ချက်များဖြစ်ပြီး ပြောင်းလဲသွားမည်မဟုတ်ပါကြောင်း၊ အဆိုပါ ရည်ရွယ်ချက်များ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မီဒီယာဆိုင်ရာ နည်းပညာအသစ်များကို ကြိုးစားသင်ယူလေ့ကျင့်ခြင်းသည်သာလျှင် ယနေ့သင်တန်း၏ ဦးတည်ချက် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် Minister Counsellor လီရှောင်ရန်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

အဆိုပါ သင်တန်းကို စက်တင်ဘာ ၁၂ ရက်အထိ နှစ်ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှတာဝန်ရှိသူများ၊ နည်းပြများ၊ ပြန်ကြားရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ သင်တန်းသားသင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

◆ *ကျော်ဖုံးမှ*

ယင်းနေ့ ညနေပိုင်းတွင် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသည့် ဟိန္ဒူမိသားစု(၁၁) ဦးအား စစ်တွေမြို့ရှိ ပြည်နယ်အစိုးရ ဧည့်ဂေဟာ၌ တွေ့ဆုံခဲ့သည်။

ယင်းသို့တွေ့ဆုံရာ၌ အာဆီယံနှင့် အိမ်နီးချင်းနိုင်ငံသံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံတမန်များ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့မှ ကိုယ်စားလှယ်များ၏ မေးမြန်းမှုများနှင့်ပတ်သက်၍ ဟိန္ဒူမိသားစုများက ARSA ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွင်း ၎င်းတို့၏ မိသားစုဝင်များ ဆုံးရှုံးခဲ့ရမှုနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ခေါ်ယူခံခဲ့ရမှု အခြေအနေ၊ အိန္ဒိယအစိုးရနှင့် ရခိုင်ပြည်နယ်မှ ဟိန္ဒူဘာသာရေးခေါင်းဆောင် တစ်ဦးတို့၏ အကြောင်းကြားပေးမှုဖြင့် မြန်မာအစိုးရက ၎င်းတို့အား ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင် ပြန်လည်ခေါ်ယူခဲ့မှု အခြေအနေ၊ ၎င်းတို့အား ဖမ်းဆီးမိပါက သတ်ဖြတ်မည်ဟု ARSA မှ ခြိမ်းခြောက်မှု အခြေအနေ၊ ပြန်လည်ဝင်ရောက်လာပြီးနောက် နေထိုင်ရသည်မှာ လုံခြုံစိတ်ချရမှုအခြေအနေ၊ မောင်တောမြို့၌ ပြန်လည်အခြေချနေထိုင်လိုမှုနှင့် အသက်ရှင်ရပ်တည်နိုင်ရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်လိုမှုအခြေအနေ၊ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NVC) ကိုင်ဆောင်ထားရှိမှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ပြန်လည်ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီး ဦးခင်မောင်တင်က ၎င်းတို့အတွက် နိုင်ငံတော်အစိုးရနှင့် ကုမ္ပဏီများ ပူးပေါင်းပြီး မောင်တောမြို့တွင်နေအိမ်များ ဆောက်လုပ်ပေးထားပြီးဖြစ်ကြောင်း၊ မကြာမီ မောင်တောမြို့သို့ ပြောင်းရွှေ့ပေးရန် စီစဉ်ထားရှိကြောင်း၊ အသက်မွေးဝမ်းကျောင်းအတွက် အလုပ်အကိုင်များ ဖန်တီးပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံသားစိစစ်ခွင့်ခံရမည့်သူ၏ သက်သေခံကတ်ပြားများ (NVC) ရရှိနိုင်ရေးနှင့် နိုင်ငံသားလျှောက်ထားမှု လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် တစ်ဖက်နိုင်ငံမှ မိမိအစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်လာသည့် မွတ်ဆလင်မိသားစုဝင် (၁၀) ဦးအား စစ်တွေမြို့ရှိ ပြည်နယ်အစိုးရ ဧည့်ဂေဟာ၌ တွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံရာ၌ အာဆီယံနှင့်အိမ်နီးချင်းနိုင်ငံ သံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံတမန်များ၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့မှ ကိုယ်စားလှယ်များ၏ မေးမြန်းချက်များနှင့် စပ်လျဉ်း၍ ၎င်းမိသားစုများက ဘင်္ဂလားဒေ့ရှ်ရှိ ဒုက္ခသည်စခန်း၌ နေထိုင်ခဲ့စဉ်က ARSA အဖွဲ့၏ ခြိမ်းခြောက်ခံခဲ့ရကြောင်း၊ ၎င်းတို့၏ ရက်စက်ကြမ်းကြုတ်မှုများကိုလည်း သိရှိခဲ့ရကြောင်း၊ သားသမီးများ၏ ကျန်းမာရေး၊ ပညာရေးနှင့် နေထိုင်စားသောက်ရေး အခက်အခဲများကြောင့် မိမိအစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း၊ ပြန်လည်ဝင်ရောက်လာရာတွင် မြန်မာအစိုးရမှ မြန်မာဘက်တွင် နေထိုင်ခဲ့သည့် အထောက်အထားနှင့် အကြမ်းဖက်လှုပ်ရှားမှုများတွင် ပါဝင်ခြင်းရှိ- မရှိ ဆိုသည့်အချက် (၂) ခုကိုသာ အဓိက စိစစ်ခဲ့ပါကြောင်း၊ တစ်ဖက်နိုင်ငံရှိ စခန်းများတွင် လက်ရှိနေထိုင်လျက်ရှိသူများအနေဖြင့် ARSA ၏ အကြမ်းဖက်မှုများနှင့် ခြိမ်းခြောက်မှုများ ဆက်လက်ခံစားနေရကြောင်း၊ မူလနေရပ်သို့ ပြန်လည်သွားရောက် လုပ်ကိုင်လိုသော်လည်း ARSA ၏ ခြိမ်းခြောက်မှု အန္တရာယ်ကြောင့် သွားရောက်နိုင်မှု မရှိသေးကြောင်းအပါအဝင် တစ်ဖက်နိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် နေထိုင်နေသည့် ၎င်းတို့၏ ဆွေမျိုးသားချင်းများအနေဖြင့် မူလနေရပ်သို့ ပြန်လာ၍ အခြေချနေထိုင်လိုသော်လည်း ARSA ၏ ခြိမ်းခြောက်မှုနှင့် လွှမ်းမိုးမှုကြောင့် ပြန်လာနိုင်ခြင်းမရှိသည့် အခြေအနေ၊ NVC ကတ် ရရှိရေး ဆောင်ရွက်ခဲ့မှုနှင့် လက်ရှိ NVC ကတ် ကိုင်ဆောင်ထားမှုအခြေအနေတို့ကို ရှင်းလင်းပြောကြားခဲ့ပြီး ၎င်းတို့အတွက် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်အကြား နှစ်နိုင်ငံသဘောတူညီချက်အရ ပြန်လည်ဝင်ရောက်လိုသူ (၂၀,၀၀၀) ကျော်အနက် စက်တင်ဘာ ၁၁ ရက်၊ နံနက်ပိုင်းတွင် တောင်ပြိုလက်ဝဲ စခန်းမှတစ်ဆင့် မိသားစုဝင် (၆) ဦး ထပ်မံ၍ ပြန်လည်ဝင်ရောက်လာခဲ့မှု၊ ၎င်းတို့၏စားဝတ်နေရေးအတွက် စီစဉ်ပေးထားမှုနှင့် ယာယီနေရာချထားပြီးပါက မူလနေထိုင်ခဲ့သည့်နေရာ (သို့မဟုတ်) ၎င်းနှင့် အနီးဆုံးနေရာတွင် ပြန်လည်နေရာချထားပေးရန် စီစဉ်ထားရှိမှုတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးခင်မောင်တင်က ယခုကဲ့သို့ လာရောက် တွေ့ဆုံမေးမြန်းပေးသည့် အာဆီယံနှင့် အိမ်နီးချင်းနိုင်ငံသံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံတမန်များ၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့မှ ကိုယ်စားလှယ်များအား ကျေးဇူးတင်ကြောင်း၊ နှစ်နိုင်ငံသဘောတူညီချက်နှင့် ဆောင်ရွက်သည့်အခါတွင် အာဆီယံနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် သက်ဆိုင်သည့် UN အဖွဲ့အစည်းများကလည်း လိုအပ်သလို ပူးပေါင်းဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုကြောင်း နိဂုံးချုပ်ပြောကြားခဲ့သည်။

ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် စစ်တွေမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

ထို့အပြင် မြန်မာနိုင်ငံဆိုင်ရာဂျပန်သံအမတ်ကြီးနှင့်အဖွဲ့သည်လည်း ဩဂုတ် ၂၇ ရက်က ရခိုင်ပြည်နယ်၊ မောင်တောမြို့သို့ သွားရောက်၍ မိမိဆန္ဒအလျောက် တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာခဲ့သည့် နေရပ်စွန့်ခွာသူများနှင့် တွေ့ဆုံခဲ့ကြောင်းနှင့် နေရပ်စွန့်ခွာသူများ၏ အခက်အခဲ၊ လိုအပ်သည့်အကူအညီများ၊ တစ်ဖက်နိုင်ငံတွင် ရောက်ရှိနေကြသည့် နေရပ်စွန့်ခွာသူများ၏ အခြေအနေများ၊ ဂျပန်အစိုးရအနေဖြင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ဆောင် ရွက်ပေးသွားရန်ရှိကြောင်း ဆွေးနွေးပြောကြားခဲ့သည်ဟု သိရသည်။

**သတင်းစဉ်**



အာဆီယံနှင့် အိမ်နီးချင်းနိုင်ငံသံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံတမန်များ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့မှ ကိုယ်စားလှယ်များ ပါဝင်သည့်အဖွဲ့ တစ်ဖက်နိုင်ငံမှ မိမိအစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်လာသည့် မွတ်ဆလင်မိသားစုဝင် (၁၀) ဦးအား တွေ့ဆုံစဉ်။ သတင်းစဉ်

# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တတိယအစည်းအဝေး ကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၁၁**

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တတိယအစည်းအဝေးကို ၁၃၈၁ - ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၆၊ ၇၊ ၈၊ ၉) ရက်၊ (၂၀၁၉- ခုနှစ်၊ နိုဝင်ဘာလ ၁၇၊ ၁၈၊ ၁၉၊ ၂၀) ရက်၊ တနင်္ဂနွေ၊ တနင်္လာ၊အင်္ဂါ၊ ဗုဒ္ဓဟူးနေ့များတွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် ၁၃၈၁-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀၊ ၁၁) ရက်၊ (၂၀၁၉ - ခုနှစ်၊ နိုဝင်ဘာလ ၂၁၊ ၂၂) ရက်၊ ကြာသပတေး၊ သောကြာနေ့များတွင် အစည်းအဝေးကျင်းပမည် ဖြစ်သည်။

နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများသည် ၁၃၈၁ - ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်၊ (၂၀၁၉ - ခုနှစ်၊ နိုဝင်ဘာလ ၁၆) ရက် ၊ စနေနေ့အရောက် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ၊ မဟာနာယကကျောင်းတော်ကြီးသို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

# တောင်ကိုရီးယားနိုင်ငံ SBS Plus ရုပ်သံလိုင်းမှ ဂီတအနုပညာဆိုင်ရာအစီအစဉ်မှတ်တမ်း ရိုက်ကူး

**ရန်ကုန် စက်တင်ဘာ ၁၁**

တောင်ကိုရီးယားနိုင်ငံ SBS Plus ရုပ်သံလိုင်းမှ ၄၂ ဦး ပါဝင်သော ရိုက်ကူးရေးအဖွဲ့သည် ယနေ့တွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ တောတိုက်ဓမ္မရိပ်သာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ Music Documentary Program အဖြစ် ကလေးငယ်များအား ဂီတအနုပညာ သင်ကြားပေးနေပုံကို ရိုက်ကူးသည်။ **(အောက်ပုံ)**

အဆိုပါအစီအစဉ်တွင် Yoon Do Hyun, Sandara Park, Sandeul, Kim Jeahwan နှင့် Joo-E စသည့် ကိုရီးယားနာမည်ကြီးအနုပညာရှင်များ ပါဝင်ပြီး မြန်မာနိုင်ငံ၏ အလှအပများကို လေ့လာကြည့်ရှုရင်း စာသင်ခန်းထဲမှ ကလေးငယ်များကို ဂီတအနုပညာများ သင်ကြားပေးမည့် အစီအစဉ်တစ်ခု ဖြစ်ကြောင်း၊ ဂီတနှင့် ထိတွေ့မှုနည်းပါးသော ကလေးငယ်များကို ဂီတနှင့် ရင်းနှီးလာစေရန်နှင့် ယခု Program မှ တစ်ဆင့် မြန်မာနိုင်ငံ၏ အလှတရားများနှင့်အတူ ကလေးငယ်များ၏ ချစ်စရာသံပြိုင်တေးများကို ဖော်ထုတ်ပြသပေးနိုင်ရန်ဖြစ်ကြောင်း သိရသည်။



ယင်းအစီအစဉ်ကို ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ဒီးဒုတ်ရေတံခွန်၊ ဆင်ဖြူမယ်ဘုရား၊ ဦးပိန်တံတားနှင့် ပုဂံညောင်ဦးမြို့ရှိ အထင်ကရနေရာများ၊ ရွှေဂူဘုန်းတော်ကြီးသင်ပညာရေးကျောင်း စသည့် နေရာများတွင် စက်တင်ဘာ ၉ ရက်မှစပြီး စက်တင်ဘာ ၁၈ ရက်အထိ ရိုက်ကူးမည်ဖြစ်သည်။

Music Documentary Program ၏ "My Music Teacher Mingalaba" အမည်ရှိ မှတ်တမ်းဗီဒီယိုကို ကိုရီးယားနိုင်ငံ SBS Plus ရုပ်သံလိုင်း၊ SBS FunE ရုပ်သံလိုင်းနှင့် မြန်မာနိုင်ငံတွင် Free to Air Channel တစ်ခုဖြစ်သော Fortune TV ရုပ်သံလိုင်းများတွင် ထုတ်လွှင့်ပြသရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးမြင့်အောင်(FDC)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**




# ပြင်သစ်ရုပ်ရှင်ဇာတ်ကား "Vagabond" ကို လေ့လာမှုအစီအစဉ် ပြုလုပ်မည်

**ရန်ကုန် စက်တင်ဘာ ၁၁**

ဒါရိုက်တာ AgnèsVarda ၏ လက်ရာကောင်းတစ်ခုဖြစ်သော "Vagabond" ပြင်သစ်ရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာ ၁၅ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အမှတ်(၅၀) ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်း ရုပ်ရှင်ပြခန်းမ၌ ကြည့်ရှုပြီး ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာမှုအစီအစဉ်ပြုလုပ်မည်။

ယင်းအစီအစဉ်ကို မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် Cinematheque Program ၏ ကဏ္ဍခွဲတစ်ရပ်အဖြစ် (၂၅)ကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါက်တာအောင်မင်းက ဦးဆောင်ဆွေးနွေးမည်ဖြစ်သည်။

အဆိုပါဇာတ်လမ်းအမျိုးအစားမှာ French Drama Film ဖြစ်ပြီး ၁၉၈၅ ခုနှစ်က Venice Film Festival တွင် Golden Lion Award ဆုရရှိခဲ့ကြောင်း၊ ဇာတ်လမ်းအကျဉ်းမှာ အိမ်ခြေရာမဲ့သွားလာနေသည့် အမျိုးသမီးငယ်တစ်ဦးသည် ဆောင်းရာသီတွင် လမ်းဘေးတစ်နေရာ၌ ကွယ်လွန်ခဲ့ခြင်းဖြင့် ဇာတ်လမ်းအစပြုထားပြီး ၎င်းမကွယ်လွန်မီ အခြေအနေများကို နောက်ကြောင်းပြန်ထားသည့် ဇာတ်လမ်းဖြစ်ကြောင်း၊ လွတ်လပ်မှုကိုခုံမင်သော အိမ်ခြေရာမဲ့အမျိုးသမီးငယ်တစ်ဦး၏ အသက်ရှင်နေထိုင်ခြင်းနှင့် သေဆုံးခြင်းကို ဖော်ကျူးထားသည့် ဇာတ်ကားတစ်ခုဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၀၁)လမ်း၊ ပထမထပ်၊ အမှတ်(၂၄)တွင် ပါတီရုံးချုပ်တည်ရှိသော **ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ (Democracy and Human Rights Party)**သည် ယင်းပါတီ၏ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီ၏ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ (Democracy and Human Rights Party) ၏ အလံပုံစံ**



**ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ (Democracy and Human Rights Party) ၏ တံဆိပ်ပုံစံ**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**



မြန်မာ့အလင်း မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ သက်ကြီးပူဇော်ပွဲအတွက် မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာ့ဂုဏ်ရည်လမ်းနေ ဦးကျော်ညွန့်ရည်-ဒေါ်ဝါဝါကျော်(ကျော်ညွန့်ရည်စာပေ)က အလှူငွေကျပ်တစ်သိန်းကို စက်တင်ဘာ ၁၀ ရက်တွင် မြန်မာတိုင်းမ်နေ့စဉ်သို့ လာရောက်လှူဒါန်းရာ မြန်မာ့အလင်း မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ နာယက၊ မြန်မာ့အလင်း သတင်းစာတိုက် စာတည်းမှူးချုပ် (ငြိမ်း)၊ မြန်မာတိုင်းမ်နေ့စဉ် အယ်ဒီတာချုပ် ဦးရဲမြင့်ဖေက လက်ခံစဉ်။

အေးသန်း(စိန်တုံးကြီး)

❍ *ကျောဖုံးမှ*

ဖူးပွင့်ရတီခိုင်သည် ယခုပြိုင်ပွဲ ပထမနေ့နှင့် ဒုတိယနေ့တွင် ၇၁ ချက်၊ တတိယနေ့တွင် ၆၇ ချက်ဖြင့် သုံးရက်ပေါင်းရိုက်ချက် ၂၀၉ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ ပထမဆုကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။ ယခုပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ကစားသမား ၇၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

**ဖိုးသော်ဇင်**

# နိုင်ငံတစ်ဝန်းရှိ ရေပိုလျှံမှု ရေကျော်သည့် ရေလှောင်တမံ ၄၂ ခု စာရင်း

## (၁၁-၉-၂၀၁၉)ရက်နေ့ ရေပိုလျှံမှု ရေကျော်သည့် ရေလှောင်တမံများစာရင်း

(၀၆း၀၀)နာရီ ရေအမှတ်

| စဉ် | ဆည်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့် (ပေ) ကန်ရေသေ(ပေ) | ရေလှောင် ပမာဏ (ဧကပေ) | ရေ အနက် (ပေ) | ရေလှောင် ပမာဏ (ဧကပေ) | မိုး ရေချိန် (လက်မ) | ရေပိုလျှံမှု ရေကျော် အမြင့်(ပေ) |
|---|---|---|---|---|---|---|---|---|
| | | **ကရင်ပြည်နယ်** | | | | | | |
| ၁ | ရေဘုတ်ရေလှောင်တမံ | ဘားအံခရိုင်/ | ၃၆ | ၂၈၄၇၄ | ၃၇.၆၅ | ၃၂၇၁၀ | ၀.၃၉ | ၁.၆၅ |
| | | လှိုင်းဘွဲ့မြို့ | ၁၉ | ၂၃၇၆ | | | | |
| | | **ချင်းပြည်နယ်** | | | | | | |
| ၂ | လိုင်ဗားရေလှောင်တမံ | ဖလမ်းခရိုင်/ | ၆၈.၈၀ | ၁၈၈၁ | ၆၉.၁၀ | ၁၉၀၂ | ၀.၆၈ | ၀.၃၀ |
| | | ဖလမ်းမြို့ | ၂၆ | ၁၀၃ | | | | |
| | | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | |
| ၃ | ရာဇဂြိုဟ်ရေလှောင်တမံ | ကလေးခရိုင်/ | ၁၄၅ | ၅၂၀၀၀ | ၁၄၆.၈၀ | ၅၃၇၁၀ | ၀.၆၆ | ၁.၈၀ |
| | | ကလေးမြို့ | ၈၅ | ၈၀၀၀ | | | | |
| | | **ပဲခူးတိုင်းဒေသကြီး (အရှေ့)** | | | | | | |
| ၄ | ပသိရေလှောင်တမံ | တောင်ငူခရိုင်/ | ၈၀ | ၃၀၅၀၀ | ၈၁.၁၀ | ၃၁၅၄၅ | ၁.၇၀ | ၁.၁၀ |
| | | တောင်ငူမြို့ | ၂၅.၆ | ၁၅၀၅ | | | | |
| ၅ | ရေသိုးရေလှောင်တမံ | တောင်ငူခရိုင်/ | ၅၀ | ၁၅၅၀၀ | ၅၂.၈၀ | ၁၉၆၅၈ | ၁.၇၃ | ၂.၈၀ |
| | | အုတ်တွင်းမြို့ | ၂၂.၈၅ | ၇၂၅ | | | | |
| ၆ | မင်းရဲရေလှောင်တမံ | တောင်ငူခရိုင်/ | ၃၈ | ၂၃၅၀ | ၃၈.၆၀ | ၂၄၁၀ | ၁.၅၀ | ၀.၆၀ |
| | | အုတ်တွင်းမြို့ | ၂၅ | ၅၀၀ | | | | |
| ၇ | ငမြွေရေလှောင်တမံ | တောင်ငူခရိုင်/ | ၄၆ | ၂၃၈၀ | ၄၆.၆၀ | ၂၄၆၀ | ၁.၅၀ | ၀.၆၀ |
| | | ဖြူးမြို့ | ၂၇.၅ | ၃၅၀ | | | | |
| ၈ | ဖြူးချောင်းရေလှောင်တမံ | တောင်ငူခရိုင်/ | ၂၁၉ | ၆၃၂၅၃၃ | ၂၂၃.၈၀ | ၇၀၇၁၄၃ | ၀.၉၂ | ၄.၈၀ |
| | | ဖြူးမြို့ | ၁၁၆.၆ | ၂၉၉၄၉ | | | | |
| ၉ | ရဲနွယ်ရေလှောင်တမံ | ပဲခူးခရိုင်/ | ၂၀၅ | ၉၃၁၈၀၀ | ၂၀၅.၇၀ | ၉၄၅၄၆၀ | ၂.၃၈ | ၀.၇၀ |
| | | ကျောက်တံခါးမြို့ | ၈၈.၂ | ၃၄၉၀၀ | | | | |
| ၁၀ | ဘောနီရေလှောင်တမံ | ပဲခူးခရိုင်/ | ၇၃ | ၃၅၂၀၀ | ၇၄.၈၀ | ၃၈၀၈၀ | ၃.၅၄ | ၁.၈၀ |
| | | ဒိုက်ဦးမြို့ | ၃၃ | ၂၄၀၀ | | | | |
| ၁၁ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူးခရိုင်/ | ၄၀ | ၁၁၁၃၀ | ၄၂.၃၀ | ၁၂၁၀၄ | ၂.၁၀ | ၂.၃၀ |
| | | ဒိုက်ဦးမြို့ | ၈ | ၁၄၂၈ | | | | |
| ၁၂ | မဇင်းရေလှောင်တမံ | ပဲခူးခရိုင်/ | ၅၂ | ၂၆၁၈၆ | ၅၃.၆၀ | ၂၈၄၄၈ | ၁.၁၀ | ၁.၆၀ |
| | | ပဲခူးမြို့ | ၂၅ | ၂၄၇၆ | | | | |
| ၁၃ | ဇလက်ထော်ရေလှောင်တမံ | ပဲခူးခရိုင်/ | ၃၉.၅ | ၁၈၉၁၂ | ၄၁.၀၀ | ၂၀၆၇၅ | ၁.၇၇ | ၁.၅၀ |
| | | ပဲခူးမြို့ | ၁၂.၅ | ၇၅၀ | | | | |
| ၁၄ | ရွှေပြည်(၃)ရေလှောင်တမံ | ပဲခူးခရိုင်/ | ၂၈ | ၃၇၀၀ | ၂၉.၀၀ | ၄၁၄၀ | ၁.၈၀ | ၁.၀၀ |
| | | ပဲခူးမြို့ | ၈ | ၄၀ | | | | |
| | | **ပဲခူးတိုင်းဒေသကြီး (အနောက်)** | | | | | | |
| ၁၅ | တောင်ညိုရေလှောင်တမံ | သာယာဝတီခရိုင်/ | ၉၅ | ၂၁၀၀၀၀ | ၉၇.၂၀ | ၂၂၉၆၁၈ | ၀.၅၁ | ၂.၂၀ |
| | | နတ္တလင်းမြို့ | ၅၇.၅ | ၂၁၉၅၀ | | | | |
| ၁၆ | ဘော်ဘင်ရေလှောင်တမံ (၂) | သာယာဝတီခရိုင်/ | ၁၀၀ | ၂၆၅၈၈ | ၁၀၁.၆၀ | ၂၈၁၅၆ | ၀.၅၅ | ၁.၆၀ |
| | (ဘော်ဘင်ချောင်း) | ဇီးကုန်းမြို့ | ၆၅ | ၅၈၄၂ | | | | |
| ၁၇ | ကံတင်ဘီးလင်းရေလှောင်တမံ | သာယာဝတီခရိုင်/ | ၁၀၅ | ၁၃၄၁၇၅ | ၁၀၈.၄၀ | ၁၅၀၇၀၉ | ၄.၁၇ | ၃.၄၀ |
| | | မင်းလှမြို့ | ၅၅ | ၇၅၇၈ | | | | |
| ၁၈ | သဲကောရေလှောင်တမံ | သာယာဝတီခရိုင်/ | ၆၆ | ၅၂၅၀၀ | ၆၉.၁၅ | ၇၁၁၇၅ | ၀.၉၄ | ၃.၁၅ |
| | | လက်ပံတန်းမြို့ | ၄၀ | ၄၁၂၀ | | | | |
| ၁၉ | သုံးဆယ်ရေလှောင်တမံ | သာယာဝတီခရိုင်/ | ၁၃၈ | ၂၃၇၅၂၀ | ၁၃၈.၉၀ | ၂၄၃၈၉၂ | ၄.၆၄ | ၀.၉၀ |
| | | သာယာဝတီမြို့ | ၆၆ | ၈၅၆၀ | | | | |
| ၂၀ | မုက္ခာရေလှောင်တမံ | သာယာဝတီခရိုင်/ | ၆၄ | ၂၄၁၁၂ | ၆၈.၈၀ | ၃၀၉၁၆ | ၄.၄၈ | ၄.၈၀ |
| | | မင်းလှမြို့ | ၃၄ | ၁၈၆၁ | | | | |
| | | **မကွေးတိုင်းဒေသကြီး** | | | | | | |
| ၂၁ | တောင်ခင်ရန်းရေလှောင်တမံ | ဂန့်ဂေါခရိုင်/ | ၇၉ | ၁၁၇၂၆ | ၇၉.၁၀ | ၁၁၇၆၂ | - | ၀.၁၀ |
| | | ဂန့်ဂေါမြို့ | ၃၈ | ၁၆၂၄ | | | | |
| ၂၂ | မြစ်သာရေလှောင်တမံ | ဂန့်ဂေါခရိုင်/ | ၁၈၅ | ၃၇၇၆၀၀ | ၁၈၆.၁၅ | ၃၈၅၁၆၇ | - | ၁.၁၅ |
| | | ဂန့်ဂေါမြို့ | ၁၃၅ | ၁၅၂၉၁၅ | | | | |
| ၂၃ | မုန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၄၀ | ၆၂၀၉၀၀ | ၁၄၂.၀၀ | ၆၄၂၀၄၀ | - | ၂.၀၀ |
| | | စေတုတ္တရာမြို့ | ၆၀ | ၉၂၅၀၀ | | | | |
| ၂၄ | မန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၀ | ၁၂၀၀၀၀ | ၁၂၁.၃၀ | ၁၂၄၆၀၀ | - | ၁.၃၀ |
| | | ငဖဲမြို့ | ၆၀ | ၁၀၅၀၀ | | | | |
| ၂၅ | ကြီးအုံကြီးဝရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၃.၅ | ၃၀၂၇၀၀ | ၁၂၇.၂၀ | ၃၃၇၄၈၀ | - | ၃.၇၀ |
| | | ပွင့်ဖြူ | ၅၆ | ၂၄၃၇၂ | | | | |
| ၂၆ | ဘွတ်ကြီးရေလှောင်တမံ | သရက်ခရိုင်/ | ၉၅ | ၇၃၁၉၂ | ၉၅.၁၀ | ၇၃၄၈၇ | ၀.၅၅ | ၀.၁၀ |
| | | အောင်လံမြို့ | ၆၁ | ၁၇၆၁၅ | | | | |
| ၂၇ | ပဒဲရေလှောင်တမံ | သရက်ခရိုင်/ | ၁၀၅ | ၃၂၈၉၀ | ၁၀၅.၅၅ | ၃၃၆၂၆ | ၀.၄၀ | ၀.၅၅ |
| | | အောင်လံမြို့ | ၇၈ | ၈၉၃၀ | | | | |
| | | **မွန်ပြည်နယ်** | | | | | | |
| ၂၈ | ဝါးပါးရေလှောင်တမံ | သထုံခရိုင်/ | ၆၁ | ၄၁၅၀ | ၆၁.၅၀ | ၄၂၂၈ | ၁.၂၀ | ၀.၅၀ |
| | | သထုံမြို့ | ၁၇ | ၁၇၃ | | | | |
| ၂၉ | ကတိုက်ရေလှောင်တမံ | သထုံခရိုင်/ | ၁၂၃ | ၅၄၀၉၂ | ၁၂၄.၀၀ | ၅၅၀၄၃ | ၀.၈၆ | ၁.၀၀ |
| | | ပေါင်မြို့ | ၂၆ | ၁၀၇၅ | | | | |
| ၃၀ | ရွှေနတ်တောင်ရေလှောင်တမံ | မော်လမြိုင်ခရိုင်/ | ၇၄ | ၅၂၅၀ | ၇၄.၇၀ | ၅၃၇၁ | ၀.၈၉ | ၀.၇၀ |
| | | မော်လမြိုင်မြို့ | ၃၄ | ၉၁၀ | | | | |
| ၃၁ | အဇင်းရေလှောင်တမံ | မော်လမြိုင်ခရိုင်/ | ၈၂.၈ | ၁၅၄၂၇ | ၈၃.၁၀ | ၁၅၅၇၇ | ၂.၁၆ | ၀.၃၀ |
| | | မုဒုံမြို့ | ၂၅.၅ | ၁၂၆ | | | | |
| | | **ရခိုင်ပြည်နယ်** | | | | | | |
| ၃၂ | ပြိုင်းချောင်းရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၉၆ | ၂၅၂၀၅ | ၉၈.၆၀ | ၂၆၅၀၅ | ၂.၆၀ | ၂.၆၀ |
| | | ကျောက်တော်မြို့ | ၂၆ | ၁၀၅၄ | | | | |
| ၃၃ | ဂရင်ဂျိုင်ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၂၆ | ၆၅ | ၂၆.၅၀ | ၆၈ | - | ၀.၅၀ |
| | | မင်းပြားမြို့ | ၁၂ | ၅ | | | | |
| ၃၄ | ကြက်တက်ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၃၀ | ၁၂၀ | ၃၀.၃၀ | ၁၂၄ | - | ၀.၃၀ |
| | | မင်းပြားမြို့ | ၁၀ | ၉ | | | | |
| ၃၅ | ရှောက်ချောင်းရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၄၃ | ၁၁၄၀ | ၄၄.၈၀ | ၁၂၅၃ | ၁.၇၀ | ၁.၈၀ |
| | | ကျောက်တော်မြို့ | ၁၇ | ၁၂၀ | | | | |
| ၃၆ | တမန်းဒူးရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၃၄.၇၅ | ၆၇၈ | ၃၅.၅၅ | ၇၀၇ | - | ၀.၈၀ |
| | | မြေပုံမြို့ | ၁၁.၇၅ | ၇၅ | | | | |
| | | **ရန်ကုန်တိုင်းဒေသကြီး** | | | | | | |
| ၃၇ | ငမိုးရိပ်ရေလှောင်တမံ | ရန်ကုန်(မြောက်ပိုင်း)ခရိုင်/ | ၆၂ | ၁၈၀၀၀၀ | ၆၄.၇၀ | ၂၀၉၈၀၀ | ၂.၂၀ | ၂.၇၀ |
| | | လှည်းကူးမြို့ | ၃၆ | ၁၂၀၀၀ | | | | |
| ၃၈ | တဘူးလှရေလှောင်တမံ | ရန်ကုန်(မြောက်ပိုင်း)ခရိုင်/ | ၈၅ | ၁၉၄၆၀၀ | ၈၇.၃၀ | ၂၀၇၈၀၀ | ၂.၅၀ | ၂.၃၀ |
| | | တိုက်ကြီးမြို့ | ၄၅ | ၂၄၃၂၅ | | | | |
| ၃၉ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ရန်ကုန်(တောင်ပိုင်း)ခရိုင်/ | ၁၃ | ၁၇၃၅ | ၁၄.၀၀ | ၁၉၅၅ | ၀.၆၀ | ၁.၀၀ |
| | | ကျောက်တန်းမြို့ | ၂.၅၀ | ၁၅၀ | | | | |
| ၄၀ | ဇာမဏီအင်းရေလှောင်တမံ | ရန်ကုန်(တောင်ပိုင်း)ခရိုင်/ | ၁၂ | ၅၃၆၄ | ၁၂.၈၀ | ၅၉၂၉ | ၀.၅၆ | ၀.၈၀ |
| | | သန်လျင်မြို့ | ၂ | ၃၂၆ | | | | |
| | | **ဧရာဝတီတိုင်းဒေသကြီး** | | | | | | |
| ၄၁ | နန်ကသူရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၃၈ | ၄၀၄၈၇ | ၁၄၀.၆၀ | ၄၁၇၆၂ | ၀.၈၄ | ၂.၆၀ |
| | | အင်္ဂပူမြို့ | ၅၈ | ၆၆၁၈ | | | | |
| ၄၂ | ကညင်ရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၇၄ | ၁၄၅၀၀၀ | ၁၇၆.၄၀ | ၁၄၉၅၉၅ | ၁.၈၀ | ၂.၄၀ |
| | | အင်္ဂပူမြို့ | ၈၆ | ၂၆၈၈၀ | | | | |

## ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းများကို အဆင့်မြှင့်ပြုပြင်ပြီး မြို့ပတ်ရထားလမ်းပိုင်းဖွင့်လှစ်

**ရန်ကုန် စက်တင်ဘာ ၁၁**


မြန်မာ့မီးရထားဌာနက ခရီးသွားပြည်သူများ သက်သောင့်သက်သာ အဆင်ပြေစွာလိုက်ပါစီးနင်းနိုင်ရေးအတွက် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းများကို အဆင့်မြှင့်တင် ပြုပြင်လျက်ရှိသည်။ ယခုအခါ ကြည့်မြင်တိုင်-ဘုရားလမ်း အစုန်လမ်း (အတွင်းလမ်း)ပိုင်းကို ပြုပြင်ပြီးသွားပြီဖြစ်ရာ စက်တင်ဘာ ၉ ရက်ကစတင်၍ ပြန်လည်ပြေးဆွဲပေးလျက်ရှိသည်။၏

ရထားပြေးဆွဲချိန်များကိုလည်းယခင်အတိုင်း ပြောင်းလဲမှုမရှိကြောင်း သိရသည်။ ထို့အပြင် ရန်ကုန်မြို့ပတ် အနောက်ဘက်ခြမ်းရှိ တည်းကုန်း-အင်းစိန်-ကြည့်မြင်တိုင် အစုန်အဆန်လမ်းနှစ်ပိုင်းစလုံးကို ပြုပြင်ပြီးဖြစ်၍ ထိုလမ်းပိုင်းများကို စက်တင်ဘာ ၉ ရက်မှ စတင်ကာ ပြန်လည်ပြေးဆွဲပေးလျက်ရှိသည်။ မြန်မာ့မီးရထားဌာနအနေဖြင့် ယင်းရထားလမ်းပိုင်းများကို အဆင့်မြှင့်ပြုပြင်ရာ၌ အစိုးရကချမှတ်ပေးသော ဘတ်ဂျက်ငွေနှင့် ဂျပန်နိုင်ငံ ODA ချေးငွေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကြည့်မြင်တိုင်-ဘုရားလမ်းအဆန်လမ်းပိုင်းကို စက်တင်ဘာ ၉ ရက်မှ စတင် အဆင့်မြှင့် ပြုပြင်လျက်ရှိသည်။ ရန်ကုန်မြို့ပတ်ရထားလမ်းမိုင် အရှည် ၂၉ မိုင်ခွဲကို ယခင်က ပြေးဆွဲချိန် ၂ နာရီ မိနစ် ၅၀ ကြာမြင့်ခဲ့သော်လည်း အဆင့်မြှင့်တင်မှုများပြီးသွားပါက ၁ နာရီ မိနစ် ၅၀ မျှသာကြာတော့မည်ဖြစ်သည့်အတွက် ခရီးသွားပြည်သူများ တစ်နာရီခန့်အချိန် သက်သာသွားမည်ဟု သိရသည်။

ပန်းလှိုင်ဘူတာမှ နေ့စဉ်ဈေးသွား၊ ဈေးပြန်ရထားစီးနေသည့် ကြည့်မြင်တိုင်မြို့နယ်မှ ဦးကံကြည်က "စီးရတာတော့ ပိုအဆင်ပြေလာတယ်။ စီးခကလည်း အရင်အတိုင်းပါပဲ၊ ဈေးမတက်ပါဘူး" ဟု ပြောသည်။

**ဘော်ဂါသွေး**



ဗားကရာချောက်ပေါ်မှ မြို့ပတ်ရထားဖြတ်သန်းသွားစဉ်။




# ဆီးဂိမ်းပြိုင်ပွဲတွင် ရွက်လှေကစားနည်းအောင်မြင်မှုရရှိရန် လေ့ကျင့်



**ရန်ကုန် စက်တင်ဘာ ၁၁**

အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွက်လှေကစားနည်းအတွက် အမှန်တကယ် ဆုတံဆိပ်ရရှိနိုင်ရန် အလားအလာရှိသူများကို ရွေးချယ်ပြုလုပ်သွားမည် ဖြစ်ကြောင်း မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဘုန်းကျော်မျိုးမြင့်က ပြောသည်။

"ဖိလစ်ပိုင်ဆီးဂိမ်းမှာ ရွက်လှေကစားနည်းအတွက် ပြိုင်ပွဲအမျိုးအစား ၁၂ မျိုးထဲက လေးမျိုးဝင်ပြိုင်သွားမှာဖြစ်ပါတယ်။ အပြီးသတ်ကစားသမားလူရွေးချယ်တာကို အောက်တိုဘာလမှာပြုလုပ်သွားမှာဖြစ်ပါတယ်။ ရန်ကုန်မှာ တစ်ပတ် ခြောက်ရက်လေ့ကျင့်တယ်။ ငွေဆောင်မှာလည်း လေ့ကျင့်ပေးဖို့စီစဉ်ထားပါတယ်။ နည်းပြက အာဂျင်တီးနားနိုင်ငံသားကို မတ်လက စတင်ခေါ်ယူလေ့ကျင့်လျက်ရှိပါတယ်။ ဒါ့အပြင် ရွက်လှေကစားနည်းနဲ့ ပတ်သက်ပြီး မျိုးဆက်သစ် ကစားသမားတွေ ဆက်လက်ထွက်ပေါ်နိုင်ဖို့အတွက် ပြုလုပ်လျက်ရှိပါတယ်။ ကျွန်တော်တို့ ကစားသမားတွေ ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်ဆိုတာ ဆီးဂိမ်းမှာ အရင်ကလို မဟုတ်တော့ဘူး။ အင်မတန်ခက်သွားပြီ။ ဆုတံဆိပ်တစ်ခုခုရခဲ့ရင်တော့ ပျော်ခဲ့မှာပါ" ဟု ၎င်းက ပြောသည်။

မြန်မာရွက်လှေ ကစားသမားများသည် ဆီးဂိမ်းပြိုင်ပွဲ၌ အဓိကယှဉ်ပြိုင်ရမည့်နိုင်ငံမှာ စင်ကာပူ၊ ထိုင်း၊ မလေးရှား နိုင်ငံတို့ဖြစ်ကြောင်း သိရသည်။ ယခုဆီးဂိမ်းပြိုင်ပွဲတွင် စတင်ထည့်သွင်းကျင်းပမည့် Surfing Sport ကစားနည်းကိုလည်း ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်၏ ကြီးကြပ်မှုအောက်တွင် Surf Association of Myanmar ကို ဖွဲ့စည်းပြီး ပြိုင်ပွဲဝင်နိုင်ရေးအတွက် အင်ဒိုနီးရှားနိုင်ငံ ဘာလီသို့ ပူးတွဲလေ့ကျင့်ရန် သွားရောက်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - အာကာစိုး**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**စီရော်နယ်ဒို နိုင်ငံတကာသွင်းဂိုး ၉၃ ဂိုးအထိ ရှိလာ**

ခရစ္စတီယာနို ရော်နယ်ဒိုသည် ယူရို၂၀၂၀ ခြေစစ်ပွဲစဉ်အဖြစ် ပေါ်တူဂီအသင်းက လစ်သူယေးနီးယားအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော ပွဲစဉ်တွင် လေးဂိုးသွင်းယူနိုင်ခဲ့သည်။ ထို့ကြောင့် စီရော်နယ်ဒိုသည် နိုင်ငံတကာသွင်းဂိုး ၉၃ ဂိုးအထိ ရှိလာခဲ့ပြီး အီရန်ဂန္ထဝင်ကစားသမားဟောင်း အလီဒါယီ၏ စံချိန်ကိုလိုက်မီရန် ၁၆ ဂိုးသာ လိုအပ်တော့ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ပေါ်တူဂီအသင်းသည် ယူရို ၂၀၂၀ ခြေစစ်ပွဲစဉ်အဖြစ် လေးပွဲယှဉ်ပြိုင်ကစားခဲ့ရာ ရမှတ် ရှစ်မှတ်ဖြင့် အုပ်စု (B)၌ ဒုတိယနေရာတွင် ရပ်တည်နေသည်။

**ဖလော် ရန်တီနို လူးဝစ်၏ ခြေစွမ်းကို မန်ယူစောင့်ကြည့်ခဲ့**

မန်ယူအသင်းသည် ဘင်ဖီကာအသင်းမှ ပေါ်တူဂီကွင်းလယ်ကစားသမား ဖလော်ရန်တီနို လူးဝစ် (၂၁နှစ်) ၏ ခြေစွမ်းကို စောင့်ကြည့်ခဲ့ကြောင်း၊ အဆိုပါ ကစားသမားကို ခေါ်ယူမည်ဆိုပါက မန်စီးတီးအသင်းနှင့် အပြိုင်ကမ်းလှမ်းသွားရမည်ဖြစ်ကြောင်း ပေါ်တူဂီအခြေစိုက်သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

**ဇန်နဝါရီတွင် စကရီနီယာကို ခေါ်ယူရန် ပြန်လည်ကမ်းလှမ်းလာဖွယ်ရှိ**

မန်စီးတီးအသင်းသည် နွေရာသီတွင် အင်တာမီလန်အသင်းမှ စလိုဗက်ကီးယားခံစစ်ကစားသမား မီလန်စကရီနီယာ (၂၄နှစ်) အတွက် ကမ်းလှမ်းမှု မအောင်မြင်ခဲ့သည့်အတွက် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် ပြန်လည်ကမ်းလှမ်းလာဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ပီယာဇ္ဇန် ချယ်လ်ဆီးအသင်းမှ ထွက်ခွာရန် အဆင်သင့်ရှိနေ**

ဘရာဇီးကွင်းလယ်ကစားသမား လူးကပ် ပီယာဇ္ဇန် (၂၅နှစ်) သည် နှစ်တိုင်နီးပါး အငှားစေလွှတ်ခံခဲ့ရသည်ကို စိတ်ပျက်လျက်ရှိနေပြီး ချယ်လ်ဆီးအသင်းမှ ထွက်ခွာရန် အဆင်သင့်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အောင်ဇော်**

# Myanmar International Series ကြက်တောင်ပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ


ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ - ဖိုးသော်ဇင်

**ရန်ကုန် စက်တင်ဘာ ၁၁**


မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် Myanmar International Series ကြက်တောင်ပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့ နံနက် ၉ နာရီမှစ၍ ရန်ကုန်မြို့ အမျိုးသားကြက်တောင်အားကစားခန်းမ၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲဒုတိယနေ့တွင် ပွဲစဉ် စုစုပေါင်း ၃၃ ပွဲ ကျင်းပခဲ့ပြီး အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ဒုတိယအဆင့်၊ နှစ်ယောက်တွဲပြိုင်ပွဲ ပထမအဆင့်နှင့် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ပထမအဆင့် ပွဲစဉ်များ ပါဝင်ခဲ့သည်။ မြန်မာကစားသမားများအနက် အမျိုးသားတစ်ဦးချင်း ဒုတိယအဆင့်တွင် ဇော်လင်းထူးက အဒီ(အင်ဒိုနီးရှား)ကို (၁၀-၂၁) မှတ်၊ (၁၅-၂၁) မှတ်၊ အမျိုးသမီးတစ်ဦးချင်း ပထမအဆင့်တွင် ဇွန်မျိုးသက်က တာဆာရာ (အင်ဒိုနီးရှား)ကို (၂၁-၂၃) မှတ်၊ (၁၁-၂၁) မှတ်၊ ခိုင်သဥ္ဇာက ဂျိုရှိ(အိန္ဒိယ)ကို (၁၁-၂၁) မှတ်၊ (၁၀-၂၁) မှတ်၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် ထူးအောင်မျိုးနှင့် ဖုန်းပြည့်နိုင်အတွဲက ထိုင်းအတွဲကို (၁၇-၂၁) မှတ်၊ (၁၅-၂၁) မှတ်၊ ဇော်လင်းထူးနှင့် သူရိန် အတွဲက မလေးရှားအတွဲကို (၁၉-၂၁) မှတ်၊ (၂၁-၁၆) မှတ်၊ (၁၃-၂၁) မှတ်၊ ချမ်းဝင်းဦးနှင့် ဟိန်းစည်သူတိုး အတွဲက အိန္ဒိယအတွဲကို (၁၁-၂၁) မှတ်၊ (၁၄-၂၁) မှတ်ဖြင့် အရေးနိမ့်ခဲ့သည်။

တတိယနေ့ကို စက်တင်ဘာ ၁၂ ရက် **(ယနေ့)** နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အမျိုးသမီးတစ်ဦးချင်း ဒုတိယအဆင့်၊ အမျိုးသားနှစ်ယောက်တွဲ ဒုတိယအဆင့်နှင့် အမျိုးသား+အမျိုးသမီးနှစ်ယောက်တွဲ ပထမအဆင့်ပွဲစဉ်များ ပါဝင်မည်ဖြစ်သည်။ ထို့ပြင် International Series ကြက်တောင်ပြိုင်ပွဲ၌ ချန်ပီယံဆုအကြိမ်ကြိမ်ရထားသည့် မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာ၏ ပွဲစဉ် ပါဝင်မည်ဖြစ်ပြီး နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ထိုင်းကစားသမား ဆာရန်ပွန်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

**အားကစားမြင့်တင် စိတ်လန်းရှင်**
**ဆန့်ကျင်မူးယစ်ဆေး**



# မန္တလေး၌ ကျင်းပနေသည့် ၂၀၁၉ ကမ္ဘာ့ဘိလိယက် Long Up ပြိုင်ပွဲတွင် နေသွေးဦးနှင့် ပေါက်စ ပူးတွဲတတိယဆုရရှိ

**မန္တလေး စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၉ ကမ္ဘာ့ဘိလိယက်နှင့် စနူကာပြိုင်ပွဲ၏ ဘိလိယက် Long Up ပြိုင်ပွဲ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကို ယနေ့ နံနက်ပိုင်းမှစ၍ မန္တလေးမြို့ရှိ မန္တလာသီရိအားကစားရုံ၌ ကျင်းပရာ မြန်မာ့လက်ရွေးစင်ကစားသမားများဖြစ်သည့် နေသွေးဦးနှင့် ပေါက်စတို့ ပူးတွဲတတိယဆုရရှိခဲ့သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် မြန်မာကစားသမားနှစ်ဦးစလုံး ရှုံးနိမ့်ခဲ့သောကြောင့် ပူးတွဲတတိယဆုရရှိခဲ့သည်။ နေသွေးဦးသည် ပရာပွတ်(ထိုင်း)ကို (၁၀၀၀-၆၃၀) မှတ်၊ ပေါက်စသည် ပီတာဂေးလ်ခရစ်(စင်ကာပူ)ကို (၁၀၀၂-၆၆၁)မှတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။ ဗိုလ်လုပွဲတွင် ပီတာဂေးလ်ခရစ်(စင်ကာပူ)က ပရာပွတ်(ထိုင်း)ကို (၁၀၀၀-၇၃၂) မှတ်ဖြင့် အနိုင်ရခဲ့သည်။ ထို့ကြောင့် Long Up ပြိုင်ပွဲအပြီးတွင် ပီတာဂေးလ်ခရစ်(စင်ကာပူ) က ပထမ၊ ပရာပွတ် (ထိုင်း) က ဒုတိယ၊ နေသွေးဦးနှင့် ပေါက်စ (မြန်မာ)က ပူးတွဲတတိယဆုရရှိခဲ့သည်။

150 Up ဘိလိယက်ပြိုင်ပွဲကို စက်တင်ဘာ ၁၂ ရက် **(ယနေ့)** မှ ၁၅ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ကစားသမား ၃၉ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ 150 Up ပြိုင်ပွဲ အုပ်စု(က)တွင် အက်ဗာနီ (အိန္ဒိယ)၊ အောင်ဆန်းဦး(မြန်မာ)၊ ဂျာဂါဒက်ရှ်(အိန္ဒိယ)၊ ဒါနူရှာ (သီရိလင်္ကာ)၊ အုပ်စု (ခ)တွင် နေသွေးဦး(မြန်မာ)၊ ဒါမာနီ(အိန္ဒိယ)၊ ကီတန် (အိန္ဒိယ)၊ အယ်ဗင် (ဖိလစ်ပိုင်)၊ မိုဟန်(ပြင်သစ်)၊ အုပ်စု (ဂ)တွင် မိုက်ရပ်ဆဲလ်(အင်္ဂလန်)၊ ပရာပွတ်(ထိုင်း)၊ ဆစ်ဝါလာ (အိန္ဒိယ)၊ ဝင်းမင်း (မြန်မာ)၊ ဂျက်ဆင် (ဩစတြေးလျ)၊ အုပ်စု(ဃ)တွင် ပါရီကက်ရှ် (အိန္ဒိယ)၊ အောင်ဌေး (မြန်မာ)၊ သာကာ (အိန္ဒိယ)၊ ကျော်နိုင်ဦး( မြန်မာ)၊ ဘင်ဂျာမင် (ဖိလစ်ပိုင်)၊ အုပ်စု(င)တွင် ဟာရီ (အိန္ဒိယ)၊ စတီဗင် (ဩစတြေးလျ)၊ ရှာမာ(အိန္ဒိယ)၊ ဇော်သန်းထိုက် (မြန်မာ)၊ ရိုဒါ(ဖိလစ်ပိုင်)၊ အုပ်စု(စ)တွင် ကိုသရီ (အိန္ဒိယ)၊ ပေါက်စ (မြန်မာ)၊ ဆူဗရာမာနီ (အိန္ဒိယ)၊ နေအောင် (မြန်မာ)၊ ဘေဆယ်လ်(ဖိလစ်ပိုင်)၊ အုပ်စု (ဆ) တွင် ချစ်ကိုကို (မြန်မာ)၊ ကူမာ (အိန္ဒိယ)၊ ဆန်းမြင့် (မြန်မာ)၊ ယူတာပေ့ါ (ထိုင်း)၊ မန်ဂိုရီ (ဖိလစ်ပိုင်)၊ အုပ်စု (ဇ) တွင် ပီတာဂေးလ်ခရစ် (စင်ကာပူ)၊ ဆူရန်နာရာနန် (အိန္ဒိယ)၊ မင်းစည်သူထွန်း (မြန်မာ)၊ ပြည့်ဖြိုးဝင်း (မြန်မာ)၊ ဆာဘာဒို (ဖိလစ်ပိုင်) တို့ ပါဝင်ကြသည်။

**ညီမြတ်သော်တာ**

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ဖယောင်းသိုလှောင်ရုံမီးလောင်မှု ၁၇ ဦးဒဏ်ရာရ

**ရန်ကုန် စက်တင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန်(၁)အတွင်း၌ စက်တင်ဘာ ၁၀ ရက် ည ၇ နာရီခန့်က မီးလောင်မှုဖြစ်ပွားရာ ၁၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန်ကွမ်းအပ်သားမင်းသားလမ်း အမှတ်(၁၀)ပိုင်ရှင် ဦးတင်အေး၏ ဇာမဏီ ဖယောင်းသိုလှောင်ရုံအကျယ်ပေ (၂၀၀ × ၁၀၀) Steel Structure အတွင်း ည ၇ နာရီခန့်တွင် မီးလောင်နေကြောင်း ပြည်သူတစ်ဦး၏ ဖုန်းဖြင့်သတင်းပေးမှုကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ ကနဦးသတင်းရရှိပြီး မီးငြိမ်းသတ်ရေးယာဉ်များ စတင်ထွက်ခွာငြိမ်းသတ်ခဲ့ရာ မီးအားများလာသည့်အတွက် အဆင့် ၄ အထိ မီးလောင်မှု ကြီးမားခဲ့သည်။

မီးလောင်ရာသို့ မြို့တော်စည်ပင်မှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဌာနချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူတို့က ကြီးကြပ်၍ မီးအရှိန်ကို ည ၉ နာရီ မိနစ် ၄၀ တွင် ထိန်းနိုင်ခဲ့ပြီး ည ၁၀ နာရီ ၃၅ မိနစ်တွင် ငြိမ်းသတ်ပေးနိုင်ခဲ့သည်။

မီးလောင်မှုကြောင့် ပတ်ဝန်းကျင်စက်ရုံများသို့ မီးကူးစက်ခြင်း မရှိသော်လည်း မီးငြိမ်းသတ်နေစဉ်ပျော်ကျစီးဆင်းလာသော ဖယောင်းရည်ပူများလောင်ခြင်းနှင့် ဖယောင်းငွေ့အန့်များကြောင့် မီးသတ်တပ်ဖွဲ့ ၁၂ ဦး၊ အလုပ်သမားအရပ်သားငါးဦး စုစုပေါင်း ၁၇ ဦးတို့ အသက်ရှူကျပ်ခြင်းနှင့် ဒဏ်ရာများရရှိခဲ့သည့်အတွက် သဃ်န်းကျွန်းစံပြဆေးရုံနှင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း) ဆေးရုံများသို့ ပရဟိတလူမှုအဖွဲ့ဝင်များက ပို့ဆောင်ပေးခဲ့ရသည်။

**ကိုကြီးတင်၊ကိုကြီးစိုး(မြန်/ဆက်)**



ဖယောင်းသိုလှောင်ရုံအား စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက မီးလောင်ပြီးတွေ့ရစဉ်။

# သောင်ကြီးမြို့နယ်၊ လှိုင်သာယာမြို့နယ်နှင့် ထန်းတပင်မြို့နယ်များအတွင်း ဆိုင်ကယ်ခိုးမှုကျူးလွန်သူတစ်ဦးကို ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က ဖမ်းဆီးရမိ

**ရန်ကုန် စက်တင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက ခိုးမှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးဆောင်ရွက်သွားရန် ညွှန်ကြားချက်အရ စက်တင်ဘာ ၂ ရက် ညနေ ၄ နာရီတွင် မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ်အတွင်း ခိုး၊ ဆိုး၊ လု၊ နှိုက် သတင်းများ စုံစမ်းဆောင်ရွက်နေစဉ် ဆိုင်ကယ်ခိုးမှုများ ကျူးလွန်ထားကြောင်း ကြိုတင်သတင်းရရှိထားသူ ရဲထွဋ်ဝေ (ခ)ပိုးကောင်အား



ပြစ်မှုကျူးလွန်သူ ရဲထွဋ်ဝေ(ခ) ပိုးကောင်နှင့် သက်သေခံဆိုင်ကယ်များ။

(၁၂)ရပ်ကွက် ပေါ်ဆန်းမွှေးလမ်းမပေါ်တွင် Followme-125 အမျိုးအစား အနက်ရောင်ဆိုင်ကယ်တစ်စီးနှင့်အတူ တွေ့ရှိစစ်ဆေးရာ ၎င်းဆိုင်ကယ်ကို သောင်ကြီးမြို့နယ်အတွင်းမှ ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် သက်သေများရှေ့တွင် ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

ဖမ်းဆီးရမိသူ ရဲထွဋ်ဝေ(ခ) ပိုးကောင်အား အခြားခိုးမှုများ ကျူးလွန်ခဲ့ခြင်း ရှိ မရှိ အသေးစိတ်စစ်ဆေးခဲ့ရာ ၎င်းသည် ၂၀၁၉ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လများအတွင်း လှိုင်သာယာမြို့နယ်၊ အနောက်ပိုင်းတက္ကသိုလ် အဝိုင်းအနီး လမ်းဘေးတွင် ရပ်ထားသော Feilling-125 အမျိုးအစား ဆိုင်ကယ်တစ်စီး၊ (၁၂)ရပ်ကွက် စစ်တွေလမ်းမပေါ်တွင် ရပ်ထားသော Loujia- 110 အမျိုးအစား ဆိုင်ကယ်တစ်စီးနှင့် Canda-125 အမျိုးအစား ဆိုင်ကယ်တစ်စီး၊ ကုလားကြီးစုလမ်းဘေးတွင် ရပ်ထားသော Toyotur-125 အမျိုးအစား ဆိုင်ကယ်တစ်စီး၊ (၉) ရပ်ကွက် ဗိုလ်အောင်ကျော်လမ်းမဘေးတွင် ရပ်ထားသော Canda-125 အမျိုးအစား ဆိုင်ကယ်တစ်စီး၊ (၃)ထိပ် ကားမှတ်တိုင်တွင်ရပ်ထားသော Pinbo-125 အမျိုးအစား ဆိုင်ကယ်တစ်စီး၊ (၁၅) ရပ်ကွက် ဈေးလမ်းမဘေးရပ်ထားသော Smash -110 အမျိုးအစား ဆိုင်ကယ်တစ်စီးနှင့် Zhinenc-125 အမျိုးအစား ဆိုင်ကယ်တစ်စီး၊ ဝန်ထမ်းများအိမ်ရာရှေ့(ကျူး)ဘေးရပ်ထားသော Super Ambo-125 အမျိုးအစား ဆိုင်ကယ်တစ်စီး၊ (၂) ရပ်ကွက် မီတာရုံးအနီး ရပ်ထားသော Jlm-125 အမျိုးအစား ဆိုင်ကယ်တစ်စီး၊ ဈေးလမ်းမဘေး ရပ်ထားသော Aimo-125 အမျိုးအစား ဆိုင်ကယ်တစ်စီး၊ (၁၄) ရပ်ကွက် အဆောင်တစ်ဆောင်ရှေ့မှ Kayka- 125 အမျိုးအစား ဆိုင်ကယ်တစ်စီး၊ စက်မှုဇုန်(၁) တစ်ထိပ်မှတ်တိုင်အနီး ရပ်ထားသော Wave-125 အမျိုးအစား ဆိုင်ကယ်တစ်စီး၊ (၆)ရပ်ကွက် ကျန်စစ်သားဈေး လမ်းဘေးရပ်ထားသော Canda-125 အမျိုးအစား ဆိုင်ကယ်တစ်စီးနှင့် ကျန်စစ်သားအိမ်ရာဝင်းအတွင်း ရပ်ထားသော Flymo - 125 အမျိုးအစား ဆိုင်ကယ်တစ်စီး၊ ထန်းတပင်မြို့နယ်၊ ရခိုင်ရိုးလေးကျေးရွာ၊ ဈေးလမ်းဘေးရပ်ထားသော Jlm-125 အမျိုးအစား ဆိုင်ကယ်တစ်စီးနှင့် ရခိုင်ရိုးလေး အုပ်စု၊ နင်းကြမ်းကျေးရွာ၊ ဘိလိယက်ခုံရှေ့ရပ်ထားသော Molisa- 125 အမျိုးအစား ဆိုင်ကယ်တစ်စီး၊ စုစုပေါင်း ဆိုင်ကယ် ၁၈ စီး ခိုးယူခဲ့ကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ အမှုမှ သက်သေခံပစ္စည်း ဆိုင်ကယ်များအား ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ပိုင်ရှင်များအနေဖြင့် သက်ဆိုင်ရာရဲစခန်းများသို့ စုံစမ်းနိုင်ကြောင်းနှင့် ခိုးမှုကျူးလွန်သူ ရဲထွဋ်ဝေ(ခ)ပိုးကောင်အား ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## မြန်မာ့ရုပ်မြင်သံကြား

၁၂-၉-၂၀၁၉ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - ဒါကြောင့် လက်ဆေးဖို့ အမြဲသတိရပါ
- ၈း၃၅ - " ရတနာထဲကရတနာ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်"
- ၉း၁၀ - ကလေးအသက်ကယ် ထိုင်ခုံခါးပတ်အသုံးပြုရေး အများပြည်သူသို့ နှိုးဆော်ချက်
- ၉း၃၀ - လှပစုံလင် အာဆီယံတစ်ခွင်
- ၁၀း၃၀ - ရေကြီးဖြစ်ပေါ်နေချိန်တွင် ရှောင်ရှားသင့်သည့် အချက်များ
- ၁၀း၃၅ - အလုပ်သမားရေးရာ အစီအစဉ်
- ၁၁း၀၀ - မြစ်မခမီဒီယာ(စာတတ်ဖို့၊ ဝင်ငွေကောင်းဖို့၊ အသက်ရှည်ဖို့)
- ၁၂း၃၀ - ပိုးလောက်လမ်း နှိမ်နင်းပါ
- ၁၂း၃၅ - "ပြည်သူပါမှအောင်မြင်မှာ"
- ၁၃း၄၅ - "လူ လူ လူ လူသည်ရောင်းကုန်မဟုတ်ပါ"
- ၁၄း၂၅ - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအလွဲသုံးစား ပြုလုပ်ခြင်းဖြစ်ပွားသည်ကို သံသယရှိ/သိရှိပါက
- ၁၅း၀၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "ရောင်စဉ်ဖြာသောအချစ်" (အပိုင်း-၃)

**ညပိုင်း**

- ၁၆း၂၅ - အသက်အန္တရာယ်ကင်းစေဖို့ ထိုင်ခုံခါးပတ်ပတ်ကြစို့
- ၁၇း၃၀ - လူမှုစီးပွားမြင်ကွင်းများ
- ၁၈း၂၀ - မျက်မှောက်ရေးရာအဖြာဖြာ
- ၁၉း၁၅ - "ဒီမိုကရေစီစိတ်ထား" (အပိုင်း-၄)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၀ - မူးယစ်အန္တရာယ်
- ၂၀း၃၅ - "ရှေးဟောင်းပျူမြို့ပြ နိုင်ငံတော် ဟန်လင်းမြို့တော်"
- - မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၂) ဒါရိုက်တာ-ကြည်စိုးထွန်း၊ အကယ်ဒမီ ထွန်းအောင်ဇော်
- - ဆယ့်နှစ်လရာသီအငြိမ့်သဘင် "တော်သလင်းလ" (မင်းသမီး-ဆောင်းဝတီ၊ လူရွှင်တော်-ဟားငါးကောင် အဖွဲ့)

# ငပုတောမြို့နယ်တွင် တောဆင်ရိုင်းအသေတစ်ကောင် တွေ့ရှိ

**ပုသိမ် စက်တင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် တင်းချောင်းကျေးရွာအုပ်စု ထန်းတပင်ကျေးရွာ၏အနောက်ဘက် ခြောက်မိုင်ခန့်အကွာတွင် စက်တင်ဘာ ၁၀ ရက် မွန်းလွဲ ၃ နာရီခန့်က တောဆင်ရိုင်းတစ်ကောင် သေဆုံးလျက်တွေ့ရှိကြောင်း သိရသည်။

အဆိုပါနေရာသို့ တောဆင်ရိုင်းကာကွယ်စောင့်ရှောက်ရေးအခြေစိုက်စခန်း ၁၊ ငပုတောတောင်ကလေးရဲကင်းမှ ရဲတပ်ကြပ် ထွန်းသိန်းပါ သုံးဦး၊ အခြေစိုက်စခန်း ၂၊ ငရုတ်ကောင်းနယ်မြေရဲစခန်းမှ ရဲတပ်ကြပ် မိုးကျော်ဦးပါ သုံးဦး၊ သစ်တောရဲမှ ရဲဒုတပ်ကြပ် အောင်နိုင်စိုးပါ သုံးဦး၊ မြန်မာ့သစ်လုပ်ငန်း အရေးပေါ်ဆင်ကိစ္စ ဆောင်ရွက်မှုအဖွဲ့ ( EERU) ဦးမောင်သန်းပါ သုံးဦး၊ တင်းချောင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်ထွန်းပါ ငါးဦးပါဝင်သော ပူးပေါင်းအဖွဲ့သည် ထန်းတပင်ကျေးရွာ၏ အနောက်ဘက် ခြောက်မိုင်ခန့်အကွာ ဒေသအခေါ် မဒေါ့ချောင်း၏အလယ်တွင် အမြင့် ခုနစ်ပေ၊ အလျား ခြောက်ပေ ခုနစ်လက်မ၊ နှာမောင်း သုံးပေ ခုနစ်လက်မ၊ အမြီး နှစ်ပေ တစ်လက်မ၊ ရှေ့ခွာ ငါးလုံး၊ နောက်ခွာ လေးလုံး၊ အမည်းရောင်၊ ကျောရိုးငှက်ပျောကိုင်းသဏ္ဌာန်၊ ဘုတ်မျက်လုံး၊ အစွယ်မရှိ၊ အသက် ၂၃ နှစ်ခန့် တောဆင်ရိုင်း အမတစ်ကောင်ကို သေဆုံးလျက် တွေ့ရှိရသည်။**(ယာပုံ)**

၎င်းတောဆင်ရိုင်းအမသည် လွန်ခဲ့သော နှစ်ရက်ခန့်က သေဆုံးနေသည့်ဟု EERU အဖွဲ့က ခန့်မှန်းပြီး ၎င်းဆင်သေဆုံးမှုမှာ အမှန်တကယ်ရောဂါဖြင့် သေဆုံးခြင်း၊ သတ်ဖြတ်ခံရခြင်း ဟုတ်မဟုတ် စစ်ဆေးရန် EERU အဖွဲ့မှ ဒုတိယတိရစ္ဆာန်ဆေးကုမှူး ဦးလင်းလင်းထွန်းအား ဆက်သွယ်ထားကြောင်း သိရသည်။ ပူးပေါင်းအဖွဲ့သည် တောဆင်ရိုင်းသေဆုံးမှုအား စုံစမ်းလျက်ရှိပြီး ဆင်သေဆုံးသည့်နေရာနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာ ဝင်/ထွက်ပေါက်များကို ပိတ်ဆို့ရှာဖွေလျက်ရှိကြောင်း တိုင်းရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**မောင်မောင်မြင့် (မြန်/ဆက်)**



# ကယားပြည်နယ် ရှားတောမြို့နယ်အပိုင်းမှ တရားမဝင် ကျွန်း၊ ပျဉ်းကတိုးနှင့် ပိတောက် စုစုပေါင်း တန် ၁၃၀ ကျော် ပိုင်ရှင်မဲ့ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စက်တင် ဘာ ၂ ရက်မှ ၈ ရက်အထိ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သစ်တောဦးစီးဌာနများမှ ဖမ်းဆီးရမိသည့် စာရင်းများအရ ကျွန်းသစ် ၁၅၈ ဒသမ ၈၅၃၁ တန်၊ သစ်မာ ၁၉၄ ဒသမ ၀၄၇၄ တန်နှင့် အခြားသစ် ၁၈၅ ဒသမ ၁၉၁၀ တန်ဖြစ်ရာ တရားမဝင်သစ် စုစုပေါင်း ၅၃၇ ဒသမ ၈၂၁၅ တန်၊ ပြစ်မှု ကျူးလွန်သူ ၄၃ ဦးနှင့် ယာဉ်/ယန္တရား ၂၃ စီးတို့ကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိမှုများတွင် စက်တင်ဘာ ၂ ရက်မှ ၃ ရက်အတွင်း ကယားပြည်နယ် ရှမ်း-ကယားနယ်စပ် နမ့်ဟွေလုံချောင်းဘေး ရှားတောမြို့နယ်အပိုင်းမှ ကျွန်း၊ ပျဉ်းကတိုးနှင့် ပိတောက်သစ်လုံး စုစုပေါင်း ၁၃၀ ဒသမ ၆၇၆၀ တန်ကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**

# အမေရိကန်သမ္မတ အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန်ကို ရာထူးမှ ဖယ်ရှား

**ဝါရှင်တန် စက်တင်ဘာ ၁၁**

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် ၎င်း၏အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန်ကို ရာထူးမှဖယ်ရှားလိုက်ကြောင်း စက်တင်ဘာ ၁၀ ရက်က ကြေညာလိုက်သည်။

အမေရိကန်နိုင်ငံ အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန်၏အကြံပြုချက်များသည် သမ္မတထရမ့်နှင့် အကြီးအကျယ်သဘောထားကွဲလွဲပြီး အစိုးရအတွင်း အခြားသူများနှင့်လည်း သဘောထားကွဲလွဲသောကြောင့် ဂျွန်ဘော်လ်တန်ကို ထွက်စာတင်ခိုင်းရခြင်းဖြစ်ကြောင်းနှင့် ဂျွန်ဘော်လ်တန်ကလည်း ထွက်စာတင်ခဲ့ကြောင်း သမ္မတထရမ့်က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာဖြစ်သော တွစ်တာတွင်ဖော်ပြရေးသားခဲ့သည်။

အမေရိကန်နိုင်ငံ၏ အမျိုးသားလုံခြုံရေးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့်အတွက် ဂျွန်ဘော်လ်တန်ကို ကျေးဇူးတင်ကြောင်း သမ္မတထရမ့်က ပြောကြားလိုက်ကြောင်း၊ ၎င်းနေရာတွင် နောက်ထပ် အမျိုးသားလုံခြုံရေးအကြံပေးတစ်ယောက်ကို အစားထိုးခန့်အပ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်းလည်း ပြောကြားလိုက်သည်။

ဂျွန်ဘော်လ်တန် ရာထူးမှနုတ်ထွက်သည့်အချိန်သည် အမေရိကန်နိုင်ငံအနေဖြင့် မြောက်ကိုရီးယားနိုင်ငံနှင့် အီရန်နိုင်ငံတို့ သံတမန်လမ်းကြောင်း ပြန်လည်ပွင့်လင်းအောင်လုပ်ဆောင်ချိန်နှင့် တိုက်ဆိုင်နေကြောင်းသိရသည်။ ဂျွန်ဘော်လ်တန်သည် အဆိုပါအရေးများနှင့်ပတ်သက်ပြီး သမ္မတထရမ့်နှင့်သဘောထားချင်း မတိုက်ဆိုင်ခဲ့ကြောင်း သိရသည်။

လတ်တလော ၎င်း၏နေရာတွင် ယာယီအမျိုးသားလုံခြုံရေးအကြံပေးအဖြစ် ချာလီကက်ပါမင်းန်က တာဝန်ယူမည်ဖြစ်ကြောင်း အိမ်ဖြူတော်က ကြေညာလိုက်သည်။

သမ္မတ ဂျော့ဒဗလျူဘုတ်ရှ်လက်ထက်တွင် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဘော်လ်တန်က သမ္မတထရမ့်ကို ထောက်ခံသည့် ဖောက်စ်သတင်းအစီအစဉ်တွင် သုံးသပ်သူအဖြစ် လုပ်ခဲ့ပြီးနောက် သမ္မတထရမ့်အစိုးရလက်ထက်တွင် အမျိုးသားလုံခြုံရေးအကြံပေးအဖြစ် ခန့်အပ်ခံရခြင်းဖြစ်သည်။

အမေရိကန်သမ္မတ အစိုးရလက်ထက် ပထမဆုံးအမျိုးသားလုံခြုံရေးအကြံပေးအဖြစ် ရွေးချယ်ခန့်အပ်ခြင်းခံရသူမှာ စစ်တပ်အငြိမ်းစား ဒုတိယဗိုလ်ချုပ်ကြီး မိုက်ကယ်ဖလန်းဖြစ်ပြီး ရာထူးတာဝန်ထမ်းဆောင်ပြီး တစ်လမပြည့်ခင်တွင် ရာထူးမှ ထုတ်ပယ်ခံရခြင်းဖြစ်သည်။ ဒုတိယရွေးချယ်ခံရသူမှာ ဒုတိယဗိုလ်ချုပ်ကြီး မက်မာစတာဖြစ်ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏လက်ထက်တွင် ယခုအချိန်အထိ အမျိုးသားလုံခြုံရေးသုံးဦးအထိ ပြောင်းလဲခဲ့ပြီးနောက် လာမည့်သီတင်းပတ်တွင် လေးယောက်မြောက် အမျိုးသားလုံခြုံရေးအကြံပေးကို ခန့်အပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန်။

## ဘင်္ဂလားဒေ့ရှ်အစိုးရ ကော့ဇ်ဘဇားရွှေ့ပြောင်းဒုက္ခသည်စခန်းများတွင် မိုဘိုင်းအင်တာနက်သုံးစွဲခွင့် ပိတ်ပင်

**ဒါကာ စက်တင်ဘာ ၁၁**

ဘင်္ဂလားဒေ့ရှ်အစိုးရသည် ယမန်နေ့က ကော့ဇ်ဘဇားရွှေ့ပြောင်း ဒုက္ခသည်စခန်းများတွင် ၃ ဂျီနှင့် ၄ ဂျီ မိုဘိုင်းအင်တာနက်ဝန်ဆောင်မှုများကို ပိတ်ပင်လိုက်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက်ခ်နက်ဖ်နှင့် ယူကီးယားနယ်မြေများတွင် ဝန်ဆောင်မှုပေးနေသော မိုဘိုင်းကုမ္ပဏီများအားလုံး အင်တာနက်လိုင်းများ ဖြတ်တောက်ရန် ဘင်္ဂလားဒေ့ရှ်အစိုးရက ညွှန်ကြားခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်မိုဘိုင်းဆက်သွယ်ရေးလုပ်ငန်း ဆောင်ရွက်သူများအသင်း အထွေထွေ အတွင်းရေးမှူး အက်စ်အမ်ဖာဟတ်က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

တယ်လီဖုန်း ဝန်ဆောင်မှုပေးနေသည့် ကုမ္ပဏီများအနေဖြင့် ဆင်းကတ်ရောင်းချမှုကိုလည်း ရပ်ဆိုင်းထားခဲ့ကြောင်း၊ ၃ ဂျီနှင့် ၄ ဂျီ အင်တာနက်လိုင်းများကို ယမန်နေ့ ဒေသစံတော်ချိန် ညနေ ၅ နာရီနှင့် ၆ နာရီကြား ဖြတ်တောက်ခဲ့ကြောင်း သိရသည်။

အင်တာနက်လိုင်း ဖြတ်တောက်မှုကြောင့် ဒုက္ခသည်များ မယုံကြည်နိုင်အောင် တအံ့တသြဖြစ်ခဲ့ပြီး ဆက်သွယ်ရေးများလည်း ပြတ်တောက်သွားကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံက ရွှေ့ပြောင်းဒုက္ခသည်များကို နေရပ်ပြန်ဆန့်ကျင်ရေး လှုပ်ရှားမှုဖြစ်ပေါ်ရန် သွေးထိုးလှုံ့ဆော်မှုများ မြင့်တက်လာသည့်အတွက် ယခုကဲ့သို့ ၃ ဂျီနှင့် ၄ ဂျီ အင်တာနက်ဝန်ဆောင်မှုများကို ပိတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**



ဘင်္ဂလားဒေ့ရှ်နိုင်ငံ ယူကီးယားပြည်နယ်ရှိ ဒုက္ခသည်စခန်းများကို တွေ့ရစဉ်။

## အလီဘာဘာအုပ်စု၏ဥက္ကဋ္ဌဂျက်မား အနားယူပြီ

**ပေကျင်း စက်တင်ဘာ ၁၁**

ဂျက်မားသည် အလီဘာဘာအုပ်စု၏ဥက္ကဋ္ဌအဖြစ်မှ ယမန်နေ့က တရားဝင်နုတ်ထွက်လိုက်ကြောင်း၊ ၎င်း၏ဥက္ကဋ္ဌရာထူးကိုကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် ဒန်နီယယ်ကျန်းအား တာဝန်လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၁၁ ရက်က အင်္ဂလိပ်စာသင်သောကျောင်းဆရာဟောင်းတစ်ဦးဖြစ်သူ မား၏အသက် ၅၅ နှစ်ပြည့်ပြီ ဖြစ်သလို အလီဘာဘာအုပ်စု တည်ထောင်ခြင်းနှစ် (၂၀) ပြည့် အခါသမယနေ့လည်း ဖြစ်သည်။

ဂျက်မားသည် ၂၀၁၃ ခုနှစ်တွင် အမှုဆောင် အရာရှိချုပ်နေရာအား လွှဲပြောင်းယူခဲ့ပြီး တစ်နှစ်အတွင်း နုတ်ထွက်သွားမည်ဟု ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၀ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့ကာ ဒန်နီယယ်ကျန်းအား လွှဲပြောင်းပေးခဲ့သည်။

၎င်းသည် ရာထူးမှ အနားယူသွားသော်လည်း အပြီးတိုင်နုတ်ထွက်သွားခြင်း မဟုတ်ပေ။ ဂျက်မားသည် ၂၀၂၀ ပြည့်နှစ်တွင် ရှယ်ယာရှင်များ အထွေထွေအစည်းအဝေးပြီးဆုံးသည့်တိုင်အောင် အလီဘာဘာ၏ ဒါရိုက်တာအဖွဲ့တွင် ဆက်လက်တာဝန်ယူသွားမည်ဖြစ်ကြောင်း၊ အလီဘာဘာ၏ အမြဲတမ်းမိတ်ဖက်နှင့် ဝန်ထမ်းအဖြစ် နံပါတ် ၁ နေရာတွင် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။

ဂျက်မားသည် တရုတ်နိုင်ငံအရှေ့ပိုင်း ကျဲ့ကျန်းပြည်နယ် မြို့တော်ဟန်ကျိုးရှိ လူနေရပ်ကွက်တစ်ခုတွင် ၁၉၉၉ ခုနှစ် စက်တင်ဘာလ ၁၀ ရက်က ၎င်း၏မိတ်ဖက် ၁၇ ဦးနှင့်အတူ အလီဘာဘာအား ယွမ် ၅၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၇၀၀၀၀)ဖြင့် တည်ထောင်ခဲ့သည်။

**ဆင်ဟွာ**

## ပြန်လည်ရွေးကောက်ခံခဲ့ရလျှင် အနောက်ဘက်ကမ်းရှိ အစိတ်အပိုင်းများကို သိမ်းပိုက်မည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ်ပြော

**ဂျေရုဆလင် စက်တင်ဘာ ၁၁**

လာမည့် ရက်သတ္တပတ်၌ ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးချယ်ခံခဲ့ရလျှင် အနောက်ဘက်ကမ်းရှိ အစိတ်အပိုင်းများကို သိမ်းပိုက်မည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ပြောကြားခဲ့သည်။

သတင်းစာရှင်းလင်းပွဲ၌ သတင်းထောက်များ၏ မေးမြန်းမှုကို ဖြေကြားခဲ့စဉ်အတွင်း ဝန်ကြီးချုပ်နေတန်ယာဟုက အကယ်၍ ၎င်းပြန်လည်ရွေးချယ်ခံရပြီး မဟာမိတ်အဖွဲ့ဖွဲ့စည်းနိုင်ခဲ့လျှင် ဂျော်ဒန်တောင်ကြားနှင့် မြောက်ပိုင်းပင်လယ်သေတို့တွင် အစ္စရေး၏ အချုပ်အခြာအာဏာကို အသုံးချသွားမည်ဖြစ်ကြောင်း ၎င်းက ကြိမ်းဝါးခဲ့သည်။

လာမည့် စက်တင်ဘာ ၁၇ ရက် အစ္စရေးရွေးကောက်ပွဲအပြီး ရက်အနည်းငယ်ကြာလျှင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အရှေ့အလယ်ပိုင်းဒေသနှင့် ပတ်သက်သည့် ၎င်း၏အစီအစဉ်ကို တင်ပြအသိပေးလာမည်ဟု ခန့်မှန်းရကြောင်း၊ အမေရိကန်နှင့် အတူတကွ ပူးပေါင်းလုပ်ဆောင်ခြင်းက အနောက်ဘက်ကမ်းရှိ အစ္စရေးတို့၏ အခြေချအိမ်ရာများအားလုံးကို အချုပ်အခြာအာဏာ သက်ရောက်စေရန် လုပ်ဆောင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်နေတန်ယာဟုက ပြောကြားခဲ့သည်။

ဂျော်ဒန်တောင်ကြားဒေသကို အစ္စရေး၏လုံခြုံရေးဆိုင်ရာ အချက်အချာနေရာတစ်ခုအဖြစ် ဝန်ကြီးချုပ်နေတန်ယာဟုက ယခင်ကတည်းက အသိအမှတ်ပြု ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

## ဂျပန်နိုင်ငံ တင်ပို့ကုန်ဆိုင်ရာ ထိန်းချုပ်ခဲ့မှုနှင့်ပတ်သက်၍ တောင်ကိုရီးယားက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီးသို့ တင်ပြမည်

**ဆိုးလ် စက်တင်ဘာ ၁၁**

ဂျပန်နိုင်ငံက နိုင်ငံရေးအရ လုပ်ဆောင်လိုက်သည့် ပို့ကုန်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ တင်းကျပ်လိုက်မှုနှင့် ပတ်သက်၍ တောင်ကိုရီးယားနိုင်ငံက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီးသို့ တင်ပြအစီရင်ခံသွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားအာဏာပိုင်များက စက်တင်ဘာ ၁၁ ရက်တွင် ပြောကြားခဲ့သည်။

ဆမ်ဆောင်းနှင့် အယ်လ်ဂျီကဲ့သို့ တောင်ကိုရီးယားကုမ္ပဏီများ၏ အဓိကထုတ်ကုန်ပစ္စည်းများဖြစ်သည့် နည်းပညာမြင့် ကုန်ပစ္စည်းများ ပြုလုပ်ရန် လိုအပ်သည့် ဓာတုပစ္စည်းသုံးမျိုးအပေါ် ဂျပန်နိုင်ငံက ဇူလိုင်လအစောပိုင်းမှစတင်ကာ တင်ပို့ကုန်ဆိုင်ရာ ပိုမိုထိန်းချုပ်လိုက်ချိန်မှစတင်ကာ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့အကြား ကုန်သွယ်ရေးနှင့် သံတမန်ရေးတို့တွင် တင်းမာမှုများပေါက်ဖွားခဲ့သည်။

တောင်ကိုရီးယားတရားရုံးက ဒုတိယကမ္ဘာစစ်အတွင်း လုပ်သားအဖြစ် စေခိုင်းခံခဲ့သည့် ဂျပန်ကုမ္ပဏီများအနေဖြင့် နစ်နာခဲ့သူများကို လျော်ကြေးပေးအပ်ရန် စီရင်ဆုံးဖြတ်ခဲ့ပြီးနောက်တွင် ဂျပန်က တောင်ကိုရီးယားနိုင်ငံအပေါ် ကုန်သွယ်ရေးဆိုင်ရာ ထိန်းချုပ်မှုပြုလုပ်လာခဲ့ခြင်းဖြစ်သည်။

ကုန်ပစ္စည်းသုံးမျိုးအပေါ် ထိန်းချုပ်ကန့်သတ်ခြင်းသည် လုပ်သားစေခိုင်းခံရမှုကိစ္စတွင် တောင်ကိုရီးယားတရားရုံး၏ ဆုံးဖြတ်ချက်ကို နိုင်ငံရေးအရ တုံ့ပြန်သည့် လုပ်ဆောင်ချက်ပင်ဖြစ်ကြောင်း တောင်ကိုရီးယားကုန်သွယ်ရေးဝန်ကြီး ယိုမြန်ဟီးက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။ သို့ဖြစ်ရာ တောင်ကိုရီးယားနိုင်ငံက ယင်းကိစ္စကိုဖြေရှင်းရန် ပထမအဆင့်ခြေလှမ်းအနေဖြင့် နှစ်နိုင်ငံဆွေးနွေးတိုင်ပင်မှုတစ်ခု ပြုလုပ်နိုင်ရေးအတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီးသို့ တင်ပြတောင်းဆိုသွားမည် ဖြစ်ကြောင်း ယိုက ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**




ဝန်ကြီးချုပ် ရှင်ဇိုအာဘေးကို ဆန့်ကျင်သည့်အနေဖြင့် တောင်ကိုရီးယားပြည်သူများ ဆန္ဒပြနေစဉ်။

## နိုင်ငံတကာ သတင်းတိုထွာ

### အီရတ်နိုင်ငံ ကာဘလာ၌ လူအုပ်ပိ၍ ဘုရားဖူး ၃၁ ဦးသေဆုံး

**ဘဂ္ဂဒက် စက်တင်ဘာ ၁၁**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ပိုင်းရှိ ရှီးယိုက်ဘာသာဝင်တို့၏ အထွတ်အမြတ် ကာဘလာမြို့တွင် ယမန်နေ့က လူအုပ်ပိမှု တစ်ခုဖြစ်ပွားခဲ့ရာ ရှီးယိုက်ဘုရားဖူး ၃၁ဦး ထက်မနည်းသေဆုံးခဲ့ပြီး ၁၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဘဂ္ဂဒက်မြို့တောင်ပိုင်း ၁၁၀ ကီလိုမီတာအကွာ ကာဘလာမြို့ရှိ အီမန်ဟူစိန် ဘာသာရေး အထွတ်အမြတ်နယ်မြေဝင်ပေါက်တွင် ယမန်နေ့က ရှီးယိုက်ဘာသာရေးပွဲတော် တစ်ခုဖြစ်သည့် အက်ရှူရာပွဲတော်ဆင်နွှဲရန် ဘုရားဖူး ထောင်ချီတို့ ဝင်ရောက်လာစဉ်အတွင်း လူအုပ်ပိမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

လူအုပ်ပိမှုအတွင်း သေဆုံးသူ ၃၁ ဦးရှိခဲ့သည့်အပြင် ထိခိုက်ဒဏ်ရာရရှိသူများအနက် ၁၀ ဦးမှာ ဒဏ်ရာပြင်းထန်သည့်အတွက် အသက်အန္တရာယ်စိုးရိမ်ရကြောင်း သိရသည်။ အက်ရှူရာပွဲတော်သည် ရှီးယိုက်ဘာသာဝင်တို့အတွက် အထွတ်အမြတ်ဘာသာရေးပွဲတော်တစ်ခု ဖြစ်သည်။ ပြီးခဲ့သည့် ရက်များအတွင်း အီရတ်နိုင်ငံရှိ ပြည်နယ်အများအပြားနှင့် နိုင်ငံပြင်ပတို့မှ ရှီးယိုက်ဘာသာဝင်လေးသန်းကျော်တို့ အက်ရှူရာပွဲတော်၌ ပါဝင်ဆင်နွှဲရန် ကာဘလာမြို့သို့ လာရောက်ခဲ့ကြ သည်။ **ဆင်ဟွာ**

### ဂျပန်ဝန်ကြီးချုပ် အာဘေး အစိုးရသစ်ပြန်ဖွဲ့

**တိုကျို စက်တင်ဘာ ၁၁**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ၎င်း၏အစိုးရအဖွဲ့သစ်အတွက် တန်းစီဇယားကို တရားဝင်ထုတ်ပြန် ကြေညာလိုက်ကြောင်း သိရသည်။

အစိုးရအဖွဲ့၏ ရာထူးနေရာအများစုကို အစားထိုးပြောင်းလဲမှုများ ပြုလုပ်လျက်ရှိရာ လတ်တလောတွင် ရာထူးနေရာ ၁၃ ခုအတွက် လူသစ်များခန့်အပ်ရန်လုပ်ဆောင်နေကြောင်း သိရသည်။

ဇူလိုင်လ အထက်လွှတ်တော် ရွေးကောက်ပွဲကျင်းပခဲ့ချိန်မှစပြီး ယခုအကြိမ်သည် ပထမဆုံးအကြိမ်အစိုးရသစ်ပြန်လည်ဖွဲ့စည်းမှုဖြစ်သည်။ ရွေးကောက်ပွဲ၌ အာဏာရမဟာမိတ်အဖွဲ့သည် ရာထူးနေရာများ ဆုံးရှုံးမှုရှိခဲ့သော်လည်း နေရာအများစုကို ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့သည်။

အစိုးရအဖွဲ့အတွင်း အပြောင်းအလဲအရ တိုရှီမစ်စူ မိုတီဂီက ဂျပန်နိုင်ငံခြားရေးဝန်ကြီးသစ်အဖြစ် တာရိုကိုနို၏ နေရာကို ဝင်ရောက်လာမည်ဖြစ်ပြီး လက်ရှိ နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုမှာ ကာကွယ်ရေးဝန်ကြီးသစ် ဖြစ်လာမည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**

# တူရကီသမ္မတ၏ လုံခြုံစိတ်ချရသော ကြားခံနယ်မြေတည်ဆောက်ရေး အောင်မြင်ပါ့မလား

**-- ချူးစန္ဒီနွေး --**

**တူရကီဟာ ရှစ်နှစ်နီးပါးကြာ ဆီးရီးယားကဒုက္ခသည်တွေကို ကြည်ကြည်ဖြူဖြူလက်ခံခဲ့တဲ့ နိုင်ငံလည်းဖြစ်ပါတယ်။ ဒါပေမယ့် လက်ရှိအချိန်မှာတော့ သူ့ရဲ့အပြုအမူတွေဟာ ပြောင်းပြန်ဖြစ်နေပါပြီ။ မကြာသေးခင် သီတင်းပတ်များအတွင်း တူရကီမြို့ကြီးတွေမှာနေထိုင်ကြတဲ့ ဆီးရီးယားဒုက္ခသည်ထောင်ပေါင်းများစွာကို ဆီးရီးယားကိုပြန်ကြဖို့ ဖိအားပေးလုပ်ဆောင်လာပါတယ်။ သူတို့ကို ဘတ်စ်ကားတွေ၊ ရဲကားတွေခြံရံပြီး ဆီးရီးယားနယ်စပ်ကို ပို့ဆောင်နေပါတယ်။**




တူရကီနိုင်ငံအရှေ့တောင်ပိုင်း ခါရာမန်မာရက်စ်မြို့ ဆင်ခြေဖုံးရပ်ကွက်ရှိ ဆီးရီးယားဒုက္ခသည်စခန်းကို တွေ့ရစဉ်။

### ဖိအားပေးလုပ်ဆောင်

အမေရိကန်ပြည်ထောင်စုနှင့် ကာ့ဒ်တွေ ထိန်းချုပ်ထားတဲ့ ဆီးရီးယားနယ်မြေတွေမှာ ဆီးရီးယားဒုက္ခသည်တွေ အခြေချနေထိုင်ဖို့ တူရကီသမ္မတ ရီဆက်တေရစ်အာဒိုဂန်က ဖိအားပေးလုပ်ဆောင်နေတာပါ။ ဒီလိုလုပ်ဆောင်ခွင့်မပြုဘူးဆိုရင် ဆီးရီးယားဒုက္ခသည် ထောင်ပေါင်းများစွာကို ဥရောပကိုသွားနိုင်ဖို့ လမ်းဖွင့်ပေးလိုက်မယ်ဆိုပြီး အာဒိုဂန်က ခြိမ်းခြောက်ခဲ့ပါတယ်။ မစ္စတာ အာဒိုဂန်ဟာ ကာ့ဒ်တပ်ဖွဲ့ဝင်တွေကို ထိန်းချုပ်ဖို့အတွက် တူရကီနဲ့ ဆီးရီးယားနယ်စပ်မှာ လုံခြုံစိတ်ချရတဲ့ ကြားခံနယ်မြေတစ်ခု တည်ထောင်ပေးဖို့ ကာလရှည်ကြာတောင်းဆိုခဲ့ပါတယ်။ ဒါပေမယ့်လည်း စစ်ဘေးကြောင့်ထွက်ပြေးလာတဲ့ ဒုက္ခသည်တွေကို အဲဒီကြားခံနယ်မြေမှာထားဖို့ အာဒိုဂန်ရဲ့အစီအစဉ်ဟာ အကောင်အထည်ပေါ်မလာပါဘူး။ ဒါ့အပြင် ဆီးရီးယားက တိုက်ပွဲတွေကြောင့် တူရကီကိုထွက်ပြေးလာတဲ့ ဆီးရီးယားဒုက္ခသည်အရေအတွက်ဟာလည်း များသထက် များလာပါတယ်။

### မြို့သစ်တည်ဆောက်မယ်

"ကျွန်တော်တို့ရဲ့ရည်မှန်းချက်ကတော့ လုံခြုံစိတ်ချရတဲ့ကြားခံနယ်မြေမှာ ဆီးရီးယားညီအစ်ကိုမောင်နှမတွေကို ထားဖို့ပါပဲ" လို့မစ္စတာ အာဒိုဂန်က ပြောပါတယ်။ မိတ်ဆွေတွေရဲ့ အကူအညီကိုရယူပြီး ဒီနေရာမှာ လုံခြုံစိတ်ချရတဲ့ကြားခံနယ်မြေမှာ ဆီးရီးယားက ညီအစ်ကိုမောင်နှမတွေနေထိုင်နိုင်မယ့် မြို့သစ်တွေတည်ဆောက်ပေးဖို့ အသင့်ပါပဲလို့ အာဒိုဂန်က ပြောကြားခဲ့ပါတယ်။ ဆီးရီးယားစစ်ပွဲမှာပါဝင်ကြတဲ့ အင်အားကြီးနိုင်ငံတွေကတော့ အာဒိုဂန်ရဲ့အစီအစဉ်ကို သဘောမတွေ့ကြပါဘူး။ ဒါကြောင့်လည်း အာဒိုဂန်က ခြိမ်းခြောက်စကားဆိုခဲ့တာပါ။ တကယ်တမ်းကျတော့ တူရကီဟာ ဒုက္ခသည်တွေ ဥရောပကိုမသွားနိုင်အောင် ကြားထဲကထိန်းသိမ်းပေးထားတဲ့သဘောမှာ ရှိပါတယ်။

### ခြိမ်းခြောက်စကားဆို

တကယ်လို့များ သူ့ရဲ့အစီအစဉ်ကို သဘောမတူဘူးဆိုရင် ဆီးရီးယားဒုက္ခသည်တွေ ဥရောပကို ဦးတည်သွားကြဖို့ လမ်းဖွင့်ပေးလိုက်မယ်ဆိုပြီး ခြိမ်းခြောက်ခဲ့တာပါ။

တကယ်လို့များ တူရကီကသာ ဒုက္ခသည်တွေကို လမ်းဖွင့်ပေးလိုက်မယ်ဆိုရင် ၂၀၁၅ တုန်းကလိုမျိုး ဥရောပကို ဒုက္ခသည်တွေ အလုံးလိုက် အရင်းလိုက် ဝင်ရောက်လာမယ့် အန္တရာယ်ရှိပါတယ်။ ၂၀၁၅ ခုနှစ်မှာ ဥရောပကို လှိမ့်ဝင်လာမယ့် ဒုက္ခသည်တွေကို တားဆီးပေးဖို့အတွက် ဥရောပသမဂ္ဂကနေ တူရကီကို အမေရိကန်ဒေါ်လာ ၆ ဒသမ ၇ သန်းခန့် အကူအညီပေးခဲ့ပါတယ်။ ဒါပေမယ့်လည်း တူရကီကတော့ ဆီးရီးယားဒုက္ခသည် ၃ ဒသမ ၆ သန်းခန့်အတွက်သာ နေရာထိုင်ခင်းပေးခဲ့ပြီး ဒုက္ခသည်တွေကို လက်ခံထားရတဲ့ ပြဿနာဟာ တဖြည်းဖြည်းပြီးတော့ ဆိုးရွားလာတယ်လို့ အကြောင်းပြခဲ့ပါတယ်။ ဒါကြောင့်လည်း နယ်စပ်မှာ လုံခြုံစိတ်ချရတဲ့နယ်မြေတစ်ခု မတည်ထောင်နိုင်သေးသရွေ့ ဒီဒုက္ခကို ကျော်လွှားနိုင်မှာ မဟုတ်ဘူးလို့ အာဒိုဂန်က ပြောပါတယ်။ ဒုက္ခသည်တွေနဲ့ ရွှေ့ပြောင်းနေထိုင်သူတွေဟာ လေ့စီးပြီး ဥရောပကို ဝင်ရောက်ဖို့ကြိုးစားကြတယ်ဆိုပြီး တူရကီနဲ့ အပြည်ပြည်ဆိုင်ရာ ဒုက္ခသည်များဆိုင်ရာ အရာရှိတွေက ပြောပါတယ်။

### နှိမ်နင်းမှုတွေပြုလုပ်လာ

ရဲတွေရဲ့ ဖြိုခွင်းနှိမ်နင်းမှုကိုခံရပြီးတဲ့နောက် ဆီးရီးယားဒုက္ခသည်တွေဟာ အစ္စတန်ဘူလ်မြို့ကနေ ထွက်ခွာလာကြတယ်။ ပြီးခဲ့တဲ့သီတင်းပတ်ကဆိုရင် ဂရိကျွန်းဖြစ်တဲ့ လက်စ်ဘိုကျွန်းကို ဒုက္ခသည် ၅၀၀ လောက် ရောက်ရှိလာခဲ့ပါတယ်။ တူရကီအာဏာပိုင်တွေဟာ အထောက်အထားမဲ့ နေထိုင်နေတဲ့ ဆီးရီးယားတွေ၊ တရားမဝင်အလုပ်လုပ်ကိုင်နေတဲ့ ဆီးရီးယားတွေကို နှိမ်နင်းမှုတွေ ပြုလုပ်လာတယ်။ ဒဏ်တပ်တာတွေ၊ စက်ရုံ၊ အလုပ်ရုံတွေကို ဖိအားပေးပိတ်ခိုင်းတာမျိုးတွေ လုပ်ဆောင်လာပါတယ်။ အစိုးရကိုထောက်ခံတဲ့ မီဒီယာတွေမှာလည်း ဆီးရီးယားဒုက္ခသည်တွေကို ဝေဖန်တာတွေ ရေးသားလာတယ်။ ဆီးရီးယားတွေ ငှားရမ်းနေထိုင်မှုများလာတဲ့အတွက် အိမ်ငှားခတွေလည်း မြင့်တက်လာတယ်၊ နောက်ပြီး လူမှုကွန်ရက်မီဒီယာတွေမှာလည်း ဆီးရီးယားဒုက္ခသည်တွေကို ဆန့်ကျင်တဲ့အကြောင်း ရေးသားထားတာတွေ များသထက် များလာပါတယ်။

### မူဝါဒအပြောင်းအလဲကြောင့် အထိနာ

မစ္စတာ အာဒိုဂန်ရဲ့ ပါတီဝင်တွေဖြစ်ကြတဲ့ ဒေသခံအရာရှိတွေဟာ အစိုးရက ဒုက္ခသည်တွေကို နယ်နှင်ဒဏ်ပေးနေတယ်ဆိုတာကို ငြင်းဆိုကြပါတယ်။ ဒါပေမယ့် ဆီးရီးယားဒုက္ခသည်တွေကို နှိမ်နင်းတာကိုတော့ ထောက်ခံကြပါတယ်။ ဆီးရီးယားတွေဟာ ဥပဒေဘောင်အတွင်းမှာသာ နေထိုင်သင့်တယ်ဆိုပြီး အကြောင်းပြကြပါတယ်။ တစ်ပတ်မှာ ဆီးရီးယားအယောက် ၁၀၀ ခန့် နေရပ်ပြန်ဖို့အတွက် မြူနီစီပယ်က ဘတ်စ်ကားတွေ ထောက်ပံ့ပေးထားပါတယ်လို့ ခရိုင်ပြောရေးဆိုခွင့်ရှိသူ ဖက်တီယူမက်ဇ်က ပြောပါတယ်။ စက်ရုံပိုင်ရှင်တွေက အလုပ်သမားထု အင်အားလျော့ကျတော့မှာပဲလို့ ညည်းညူနေတာတောင် တူရကီနိုင်ငံသားတွေအတွက်ကတော့ ဒါဟာ ကျေနပ်စရာကောင်းတဲ့ အရာပဲလို့ သူက ဆက်ပြောပါတယ်။ တူရကီမှာ နေထိုင်ကြတဲ့ ဆီးရီးယားတွေအတွက်ကတော့ သဘောထားတွေ၊ မူဝါဒတွေပြောင်းလဲမှုကြောင့် အထိနာရပါတယ်။

### ပေးဆောင်ဖို့ မတတ်နိုင်

ဒါဟာ ဆီးရီးယားတွေအတွက်တော့ ဘေးအန္တရာယ်ဆိုးတစ်ခုပဲလို့ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းက တက်ကြွလှုပ်ရှားသူ မိုဟာနက် ဂါဘတ်ရှ်က ပြောပါတယ်။ ဆီးရီးယားအလုပ်သမားတွေမှာ တရားဝင်အလုပ်လုပ်ကိုင်ခွင့် စာရွက်စာတမ်းတွေ လိုအပ်သလို လူမှုလုံခြုံရေးအတွက်လည်း ပိုက်ဆံပေးဆောင်ဖို့ လိုအပ်ပါတယ်။ ဒါပေမယ့်လည်း ဒုက္ခသည်အများစုကတော့ ဒီလိုမျိုး အပိုပေးဆောင်ရတာတွေအတွက် မတတ်နိုင်ဘူးလို့ ပြောပါတယ်။ တကယ်လို့ သူတို့ ပေးဆောင်နိုင်ရင်တောင် နောက်ထပ်ဖိအားပေးပြီး တောင်းခံထားတာမျိုးတွေ ထပ်ဖြစ်လာမှာကို ကြောက်ကြပါတယ်။ ရဲအရာရှိတွေကလည်း ဆီးရီးယားအများစုဖွင့်လှစ်ထားတဲ့ စတိုးဆိုင်၊ အိမ်ဆိုင်တွေရှိရာ လမ်းထဲကိုလာပြီး အာရေဗျဘာသာစကားနဲ့ ရေးသားထားတာတွေကို ဖယ်ခိုင်းပါတယ်။ မဖယ်ဘူးဆိုရင် ဒဏ်တပ်တာ၊ တရားဥပဒေအရ အရေးယူတာတွေ ပြုလုပ်မယ်လို့ ခြိမ်းခြောက်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဆီးရီးယားတွေဟာ အာရေဗျဘာသာစကားနဲ့ ရေးသားထားတာတွေကို ဆေးသုတ်ပြီး ဖျက်ရပါတယ်။ ဒီအတွက်လည်း ပိုက်ဆံကုန်ကျတဲ့အတွက် ဆီးရီးယားတချို့က မကျေနပ်ကြပါဘူး။

### အချိုးကျပိုင်ဆိုင်

အခုဆိုရင် ဂါဇီအန်တပ်မြို့မှာ ဆီးရီးယားလူဦးရေဟာ ၂၀ ရာခိုင်နှုန်းအထိရှိလာပါတယ်။ ရင်းနှီးမြှုပ်နှံမှုများလာတယ်။ စီးပွားရေးလုပ်ငန်းတွေ များလာတယ်။ နောက်ပြီး အလုပ်သမားတွေကိုလည်း စျေးပေါပေါနဲ့ရလာတယ်။ အလုပ်သမားအများစုကတော့ ဆီးရီးယားနိုင်ငံ အလက်ပိုမြို့က လာရောက်ကြသူတွေပါ။ ဆီးရီးယားနိုင်ငံရဲ့ဒုတိယအကြီးဆုံးမြို့ ဖြစ်ပါတယ်။ အခု ဂါဇီအန်တပ်မြို့မှာ ချည်မျှင်စက်ရုံတည်ပြီး စက်ရုံအဆောက်အအုံနဲ့ အလုပ်သမားတွေကို ဆီးရီးယားနဲ့ တူရကီကုမ္ပဏီတွေက အချိုးကျ ပိုင်ဆိုင်ပါတယ်။ လုံခြုံစိတ်ချရတဲ့ ကြားခံနယ်မြေ တည်ထောင်ဖို့နဲ့ပတ်သက်ပြီးတော့ ဆီးရီးယားဒုက္ခသည်တွေကြားမှာ သတိထားမှုတွေ ရှိလာပါတယ်။

### ဒုက္ခသည်များ၏ သဘောထား

တချို့ကလည်း ဆီးရီးယားနယ်မြေကို တူရကီက ကျူးကျော်တာပဲဆိုပြီး အဲဒီအစီအစဉ်ကို ဆန့်ကျင်ကြပါတယ်။ တချို့ကကျပြန်တော့လည်း တူရကီကို အကောင်းဆုံးမဟာမိတ်အဖြစ်မြင်ပြီး တူရကီထိန်းချုပ်ထားတဲ့ လုံခြုံစိတ်ချရေးကြားခံနယ်မြေဟာ ဆီးရီးယားအစိုးရနဲ့ ကာ့ဒ်တပ်ဖွဲ့တွေ ထိန်းချုပ်တာထက်ပိုပြီး ပြည့်စုံလိမ့်မယ်လို့ ယူဆကြသူတွေလည်း ရှိပါတယ်။ တစ်နေရာကနေ တစ်နေရာကိုရွှေ့ပြောင်းနေရတဲ့ ဆီးရီးယားဒုက္ခသည်တွေကတော့ အမိမြေကို တမ်းတမိမှာလည်း အသေအချာပါပဲ။ ။

**ကိုးကား- နယူးယောက်တိုင်းမ်**

**"တကယ်လို့များ တူရကီကသာ ဒုက္ခသည်တွေကို လမ်းဖွင့်ပေးလိုက်မယ်ဆိုရင် ၂၀၁၅ တုန်းကလိုမျိုး ဥရောပကို ဒုက္ခသည်တွေ အလုံးလိုက် အရင်းလိုက် ဝင်ရောက်လာမယ့် အန္တရာယ်ရှိပါတယ်။ ၂၀၁၅ ခုနှစ်မှာ ဥရောပကို လှိမ့်ဝင်လာမယ့် ဒုက္ခသည်တွေကို တားဆီးပေးဖို့အတွက် ဥရောပသမဂ္ဂကနေ တူရကီကို အမေရိကန်ဒေါ်လာ ၆ ဒသမ ၇ သန်းခန့် အကူအညီပေးခဲ့"**

ရှိန်းမကားကို ရှိမ္မကားလို့ ဟိုးအရင်က စာလုံးပေါင်းခဲ့ပုံရတယ်။ ဒီဒေသတစ်ဝိုက် ဟိုးခေတ် စာလုံးဆိုင်းဘုတ်၊ အလှူကမ္ပည်းတွေမှာဆိုရင် ရှိမ္မကား ဆိုတဲ့ စာလုံးပေါင်းကို တွေ့ရပြီး ခေတ်သစ်အရေးမှာတော့ ရှိန်းမကားလို့ရေးတာ တွေ့ခဲ့ရပါတယ်။ ရှိန်းမကားဆိုတဲ့ စကားနောက်မှာ မြို့လေးတစ်ခု (ရွာကြီးတစ်ရွာဆိုလည်းဟုတ်တယ်)၊ ဘေးမဲ့တော၊ တောရကျောင်းကြီးတွေ တွဲပါနေမှာ အသေအချာပါ။ ဒီရှိန်းမကား အရပ်ဟာ ဟိုးအရင်က သမင်တွေကို စောင့်ရှောက်ပေးတဲ့ ဘေးမဲ့တောရှိရာ အရပ်ဖြစ်ခဲ့ပြီး ခုထိတိုင်လည်း ဒေသခံတွေကို စကားတီးခေါက်ကြည့်ရင် ရှိန်းမကားဆိုတာနဲ့ သမင်တွေ ရှိတယ်ဆိုတာမျိုး ပြောလေ့ရှိဆဲပါ။ ရှိန်းမကားကတော့ စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်အတွင်းမှာ တည်ရှိနေပြီး ပြည်တွင်းပြည်ပ ခရီးသွားတွေရဲ့ စိတ်ဝင်စားခြင်းကို ခံနေရတဲ့ ပျူနဲ့ဆက်နွှယ်နေတဲ့ ရာဇဝင်တွေရှိရာအရပ်လို့ ယေဘုယျဆိုချင်ပါတယ်။


မင်းတုန်းမင်းကောင်းမှု အုတ်ကျောင်း

# စိမ်းလန်းသောမြေ ရှိမ္မကား (ရှိန်းမကား)

## Beautiful & Green Shein Ma Kar

Thiha, the Traveller @ သီဟလုလင်

### ရှိန်းမကားဆီ ခရီးနှင်မယ်ဆိုရင်

ဒီအရပ်ကို သွားမယ်ဆိုရင်တော့ မန္တလေးကနေဆို နှစ်နာရီခွဲလောက် ကားမောင်းရပါတယ်။ စစ်ကိုင်းကနေ လမ်းခွဲသွားလို့ရတယ်။ ဝက်လက်အထိ တက်ပြီး လမ်းခွဲလည်းရတယ်။ ကျွန်တော်ကတော့ ရွှေဘိုကနေ သွားတာဖြစ်လို့ တစ်နာရီကျော်ကျော်လောက် ကားမောင်းပြီး သွားရပါ


မင်းတုန်းမင်းလှူဒါန်းခဲ့သည့် တန်ဆောင်း

တယ်။ လမ်းက ကားတစ်စီးခွဲစာလို့ ပြောရမလားကိုးလို့ကန့်လန့် လမ်းပုံစံတွေ များတယ်။ ကောင်းတဲ့လမ်းပိုင်း အလွန်ကောင်းတယ်။ ဆိုးတဲ့ နေရာကျတော့လည်း အတော်ဆိုးပါတယ်။ ကားအမြင့်တွေနဲ့က ပိုသင့်လျော်တယ်။ ဆိုင်ကယ်နဲ့လည်း အဆင်ပြေပါတယ်။ လမ်းက ကားတစ်စီးခွဲစာကျော်ကျော်မို့ ဆိုင်ကယ်နဲ့ဆိုရင် ဦးထုပ်လေး သေချာဆောင်းပါ၊ နောက်ကြည့်မှန်နဲ့ ရှေ့နောက်ကားအလာကို သေချာကြည့်ပြီးမှ သွားစေချင်ပါတယ်။

### ရှိန်းမကားကို လည်လို့ကောင်းတဲ့အချိန်

ဖြစ်နိုင်ရင် နေပွင့်တဲ့ နေ့လယ်ခင်းလောက်ကနေ ညနေနေကျချိန်အထိ အဆင်ပြေပါတယ်။ ဒီဘက်က မိုးလည်းနည်းတတ်လို့ မိုးတွင်းလာရင်လည်း အဆင်ပြေတယ်။ နွေထက်မိုးတွင်းမှာ ပိုလှတဲ့သဘောလည်း ရှိပါတယ်။ မိုးတွင်းကျတော့ အပင်တွေက စိမ်းစိမ်းစိုစိုလေးရှိနေပြီး ရေညှိပင်လေးတွေ ကပ်ပြီး ပေါက်နေတာက ရှိန်းမကားရဲ့ အလှတစ်ခုမို့ ဒီအလှကို မြင်တွေ့နိုင်တာကလည်း မိုးတွင်းပဲ ဖြစ်ပါတယ်။

### ရှိန်းမကားမှာ လည်ပတ်စရာ

ဒီမှာတော့ လည်ပတ်စရာ မများလှပါဘူး။ တချို့များအတွက်ဆို ဒီလောက်လေးနဲ့လာရတာ မတန်ဘူးလို့တောင် ပြောကောင်းပြောနိုင်ပါတယ်။ ဒါပေမယ့် ရှိန်းမကားမှာ သူ့အလှနဲ့သူ ပြည့်စုံနေတော့ သေချာခံစားတတ်မှ အဆင်ပြေပါ မယ်။ ဒါကြောင့် တချို့က ရှိန်းမကား တစ်ခုတည်း ခရီးစဉ်မဆွဲဘဲ၊ ဟန်လင်းမြို့ဟောင်း၊ စစ်ကိုင်း ဘုရားဖူး၊ ရွှေဘိုအလည်အပတ် စသဖြင့် တခြား အစီအစဉ်တွေနဲ့ တွဲဖက်ပြီး လည်ပတ်လေ့ရှိပါတယ်။


### ရှိန်းမကားရွာကြီး

မြို့လေးလည်းဟုတ် ရွာကြီးဆိုလည်း ဟုတ်တဲ့ ရှိန်းမကားရွာကို ဘယ်ကနေလာလာ အရင်ဖြတ်ကြရမှာပါ။ ရွာလယ်လမ်းလေးတစ်လျှောက် စည်ကားနေတာလေး သတိပြုမိတယ်။ ဒါတောင် ကျွန်တော်သွားတဲ့အချိန်က ခရီးသွားရာသီ ဟုတ်ဟန်မတူဘူး။ စိမ်းစိုနေတဲ့ စပါးခင်းတွေကို ဖြတ်ကျော်လာရပြီး တကယ့် ရိုးရှင်းတဲ့ မြန်မာရွာတစ်ခုရဲ့ ဟန်ပန်ကို တွေ့မြင်လေ့လာကြရမှာပါ။ မြန်မာဆန်ပေမယ့် ခေတ်မီတဲ့ သဘောတော့ ရှိပါတယ်။ တချို့အပိုင်းတွေက မြို့နဲ့တောင် တူနေပါပြီ။ အိမ်ခြေတစ်ထောင်ဝန်းကျင် ရှိပါတယ်။




ကြီးကျောင်းကတော့ သူ့ဆီသွားတဲ့ အုတ်လမ်းလေးက ဆွဲဆောင်မှုရှိနေတာပါ။ အစိမ်းရောင်သစ်ပင်တွေ အုံ့ဆိုင်းနေပြီး ရေညှိကပ်နေတဲ့ အုတ်လမ်းလေး တစ်လျှောက် လမ်းလျှောက်ရတာခံစားမှု သိပ်ကောင်းပါတယ်။ လမ်းက သိပ်မဝေး ဘဲ၊ လှလွန်းလို့ ခဏလေးနဲ့ ရောက်သွားတယ်တောင် ထင်ရတယ်။ အဲဒီလမ်းလေး လွန်ရင် ဘုန်းကြီးကျောင်းဝင်းထဲရောက်ပြီ။ အဲဒီမှာ မြန်မာသက္ကရာဇ် ၁၂၂၄ ခုနှစ်က မင်းတုန်းမင်းကြီး လှူဒါန်းတည်ဆောက်ခဲ့တဲ့ ရှေးဟောင်းကျောင်းတိုက်ကြီးကို တွေ့ကြရပါတယ်။ အဲဒါကို တောရကြီးကျောင်းလို့ ခေါ်တယ်သိရပါတယ်။ ပျက်စီးယိုယွင်းနေပေမယ့် သေချာထိန်းသိမ်းနေတဲ့ပုံတော့ မတွေ့ရပါဘူး။ ဒါပေမယ့် သုတ်ထားတဲ့ ကျောင်းဆောင် ဟောင်းတစ်ခုကိုလည်း မြင်တွေ့နိုင်ပါသေးတယ်။ အဲ့ဒီကနေ သစ်ပင်ခပ်အုပ်အုပ်လေးထဲ လူလျှောက်လမ်းလေးအတိုင်း ဆင်းကြည့်ရင် အောက်ဘက်မှာ တရားထိုင်တဲ့ ဂူလိုမျိုး ဂူကြီး၊ ဂူငယ်လေးတွေကို တွေ့ကြရပါဦးမယ်။

ရှိန်းမကားကနေ ကျွန်တော်က ရွှေဘို ပြန်တော့ လမ်းတစ်လျှောက်ရွာတွေနဲ့ ရှေးဟောင်း


ကျောင်းဆောင်နှစ်ထပ်အပေါ်သို့ တက်ရန် အုတ်လှေခါး


ကျောင်းဆောင်ကြီး


အင်္ဂတေ ဒေါင်းရုပ်

### ရှိန်းမကား ဘေးမဲ့တောနဲ့ ရှေးဟောင်း ပစ္စည်းတွေရှိတဲ့ တောရကြီးကျောင်း

အဓိက လာရောက်လည်ပတ်ကြတာက ဘေးမဲ့တောနဲ့ တောရကြီးကျောင်းတိုက် ဆီကိုပါ။ ဘေးမဲ့တောမှာ သမင်တွေ ပေါတယ်လို့ ဆိုကြတယ်။ ဒါပေမယ့် ကျွန်တော်တော့ သိပ်နက်နက် မသွားလို့လား မသိ၊ မတွေ့ခဲ့။ တခြားဘာအကောင်မှလည်း မတွေ့ပါဘူး။ ဘုန်းကြီးကျောင်းနားကပ်နေတဲ့ ခွေးလေးတစ်ကောင်ပဲ တွေ့ခဲ့ရတယ်။ အချို့ကလည်း ဒီဘေးမဲ့တောထဲ တိရစ္ဆာန်ငယ်လေးတွေ အတော်စုံတယ်လို့ ညွှန်းကြတာ ဖတ်ရတယ်။ ဘေးမဲ့တောက ၃၃၄ ဧက ကျယ်ဝန်းပြီး သမင်၊ တောခွေး၊ ချေ၊ တောကြောင်၊ တောကြက် စတာတွေ ရှိတယ်လို့ ဖတ်ခဲ့ရဖူးပါတယ်။ တောရ

မြန်မာမှု ဗိသုကာလက်ရာ အင်္ဂတေပန်းပုလက်ရာတွေကို သေချာလေ့လာနိုင်ခွင့်ရပါသေးတယ်။ ကုန်းဘောင်ခေတ် လက်ရာတွေလို့ သိရပါတယ်။ ဒါလေးတွေက ရွှေတွေပေါ့ဗျာ။ တစ်ခါ မင်းတုန်းမင်းကြီးတည်ခဲ့တဲ့ စောင်းတန်းလို ဇရပ်လို ဟာတွေလည်း ရှိသေးတယ်။ ပြီးတော့ မင်းတုန်းမင်းကြီးရဲ့ ရှေးဟောင်းအသုံးအဆောင်တော်တော်များများကိုလည်း ဘုန်းကြီးကျောင်းက ထိန်းသိမ်းထားတာ တွေ့ရပါတယ်။ ရှေးဟောင်းကျောင်းတိုက်ကြီးတွေ ကျော်သွားရင် စေတီတစ်ဆူနဲ့အတူ ထုံးဖြူလေး သုတ်ထားတဲ့ လမ်းကွေ့လေး တစ်ခုရယ်၊ မြစ်ထဲကို ဆင်းတဲ့ လှေကားတစ်စင်းရယ်ကို တွေ့ရပါတယ်။ ရောဝတီမြစ်ထဲထိဆင်းပြီး မြစ်ရဲ့အလှကို ခံစားနိုင်သလို၊ ရွှေရောင်ဘုရားတွေ အတော်များများတွေ့ရတယ်။ အင်းဘဲကြီးရွာဆိုလည်း ကျွန်တော် မျက်စိကျတဲ့အထဲပါတယ်။ ရှေးဟောင်းဘုရားပုံစံလေးတွေ အစီအရီအများအပြားနဲ့ ဗမာဆန်တဲ့ ရွာကြီးတစ်ရွာပါပဲ။ ညနေစောင်းမှ ပြန်လာတာမို့ လယ်ကွင်းစိမ်းစိမ်းတွေကြား နေဝင်ချိန်က အနုပညာမြောက်မြောက်နဲ့ ကျွန်တော့်အတွေးတွေကို သူ့ဆီ အပါခေါ်သွားနိုင်တယ်။ ရှိန်းမကားရဲ့ စိမ်းလန်းတဲ့ သဘာဝတောအုပ်လေးနဲ့ ဧရာဝတီမြစ်ရဲ့ အလှတွေ၊ ကုန်းဘောင်ခေတ် ခမ်းနားတဲ့လက်ရာ ကျောင်းတော်ကြီးတွေက ပြန်တွေးတိုင်း ပြန်အမှတ်ရစေမှာ အသေအချာပါပဲဗျာ။

**အားလုံးပဲ အစဉ်ဘေးကင်းလုံခြုံကျန်းမာပြည့်စုံ ပျော်ရွှင်စွာ ခရီးသွားနိုင်ကြပါစေ။** ။

# နိုင်ငံခြားဧည့်သည်များအား နာဂတိုင်းရင်းသားရိုးရာ မီးပုံဝိုင်းဖြင့်ဖျော်ဖြေဧည့်ခံ

**ဟုမ္မလင်း စက်တင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့၌ ရောက်ရှိနေသော ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များအား နာဂတိုင်းရင်းသားရိုးရာအကအဖွဲ့က မီးပုံဝိုင်းဖြင့် ဖျော်ဖြေတင်ဆက်သည့်ဖျော်ဖြေပွဲကို စက်တင်ဘာ ၉ ရက်က ဟုမ္မလင်းမြို့ နန်ဖွတ်မော်ရပ်ကွက်ရှိ နာဂစာပေနှင့် ရိုးရာယဉ်ကျေးမှုကွင်း၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မကူရီ နာဂအမျိုးသား အကအဖွဲ့က ဦးဆောင်၍ နာဂရိုးရာ ပန်တုံးကိုထုခြင်းဖြင့် အခမ်းအနားဖွင့်လှစ်ပြီး နာဂစာပေနှင့် ယဉ်ကျေးမှုအဖွဲ့နာယက ဦးပီတာက ဧည့်သည်တော်များအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် မီးပုံဝိုင်းကိုထွန်းညှိ၍ ဟုမ္မလင်းမြို့ပေါ်ရှိ နာဂတိုင်းရင်းသားရိုးရာ အကအဖွဲ့ ကိုးဖွဲ့က ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။



မီးပုံဝိုင်းဖြင့် ကပြဖျော်ဖြေနေသည့် နာဂတိုင်းရင်းသားများ။

ယခု ဟုမ္မလင်းမြို့၌ ရောက်ရှိနေသည့် ကမ္ဘာလှည့်ခရီးသွား ဧည့်သည် ၂၄ ဦးတို့သည် ဟုမ္မလင်းမြို့နယ်ရှိ နာဂတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုနှင့် ဝတ်စားဆင်ယင်မှုများ၊ ဓလေ့ထုံးစံများ၊ အမွေအနှစ်များကို သိရှိလိုသောကြောင့် လာရောက်လည်ပတ်ခြင်းဖြစ်ကြောင်း သိရသည်။

**လင်းလင်း(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရွှေဘိုပေါ်ဆန်း ဧက ၂၇၀၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့

**မုံရွာ စက်တင်ဘာ ၁၁**

လက်ရှိ မိုးစပါးစိုက်ရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ခရိုင် ခုနစ်ခုအတွင်းရှိ မြို့နယ် ၁၉ မြို့နယ်၌ ရွှေဘိုပေါ်ဆန်းစပါးမျိုး ဧက ၂၇၃၉၇၀ ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးဝင်းလှိုင်ဦး၏ ပြောကြားချက်အရ သိရ သည်။

ယခုနှစ် မိုးစပါးစိုက်ရာသီတွင် ရွှေဘိုပေါ်ဆန်းစပါးမျိုးကို ခရိုင်အလိုက် စိုက်ပျိုးပြီးစီးမှုမှာ စစ်ကိုင်းခရိုင်ရှိ မြို့နယ် နှစ်ခုတွင် ၅၅၈ ဧက၊ မုံရွာခရိုင်ရှိ မြို့နယ် သုံးခုတွင် ၃၀၂၆ ဧက၊ ယင်းမာပင်ခရိုင်ရှိ မြို့နယ်သုံးခုတွင် ဧက ၂၀၊ ရွှေဘိုခရိုင်ရှိ မြို့နယ်ခြောက်ခုတွင် ၂၅၃၅၈၃ ဧက၊ ကန့်ဘလူခရိုင်မှ မြို့နယ် တစ်ခုတွင် ၁၃၉၅၈ ဧက၊ ကသာခရိုင်ရှိ မြို့နယ်နှစ်ခုတွင် ၁၃၆ ဧကနှင့် ကလေးခရိုင်ရှိ မြို့နယ်နှစ်ခုတွင် ၂၆၈၉ ဧကတို့ ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် မိုးစပါးစိုက်ရာသီက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရိုင်အလိုက် ရွှေဘိုပေါ်ဆန်းစပါး စိုက်ပျိုးခဲ့မှုမှာ စစ်ကိုင်းခရိုင်ရှိ မြို့နယ်နှစ်ခုတွင် ၈၀၃ ဧက၊ မုံရွာခရိုင်ရှိ မြို့နယ် သုံးခုတွင် ၉၅၀၆ ဧက၊ ယင်းမာပင်ခရိုင်ရှိ မြို့နယ်တစ်ခုတွင် ၁၁၅ ဧက၊ ရွှေဘိုခရိုင်ရှိ မြို့နယ် ခြောက်ခုတွင် ၃၆၇၀၁၂ ဧက၊ ကန့်ဘလူခရိုင်ရှိ မြို့နယ် တစ်ခုတွင် ၃၂၀၃၅ ဧက၊ ကသာခရိုင်ရှိ မြို့နယ်နှစ်ခုတွင် ၂၂ ဧက၊ ကလေးခရိုင်ရှိ မြို့နယ် နှစ်ခုတွင် ဧက ၄၇၁၀ နှင့် တမူးခရိုင် တမူးမြို့နယ်တွင် ၁၀၂ ဧက ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်က ခရိုင်ခုနစ်ခု၌ ရွှေဘိုပေါ်ဆန်း စပါးမျိုးကို စုစုပေါင်း ၄၁၄၃၀၅ ဧကအထိ စိုက်ပျိုးနိုင်ခဲ့၍ ယခုနှစ်ထက် စိုက်ပျိုးနိုင်သည့်ပမာဏ ပိုမိုများပြားခဲ့ကြောင်း၊ ပြီးခဲ့သည့်နှစ်က ရိတ်သိမ်းချိန်တွင်လည်း ဧက ၄၁၄၁၇၀ ကို ရိတ်သိမ်းနိုင်ခဲ့ပြီး တစ်ဧက ပျမ်းမျှ အထွက်နှုန်း ၈၂ ဒသမ ၃၅ တင်းနှုန်းဖြင့် စုစုပေါင်း ၃၄၁၀၇၃၇၂ တင်း ထွက်ရှိခဲ့ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**



ရွှေဘိုပေါ်ဆန်းစပါး စိုက်ခင်းတစ်ခင်းတွင် စိုက်ပျိုးရေးဝန်ထမ်းများနှင့် တောင်သူများ ပူးပေါင်းစိုက်ပျိုးနေစဉ်။

# (၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းခြင်းနှင့် သန့်ရှင်းရေးများ ဆောင်ရွက်

**မုံရွာ**

(၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်စုစုပေါင်း ၈၉ ဦးသည် စက်တင်ဘာလ ၉ ရက်က မုံရွာပြည်သူ့ဆေးရုံတွင် စုပေါင်းသွေးလှူဒါန်းခဲ့ရာ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် လေးစိုးက သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များကို အချိုရည်၊ ကြက်ဥ၊ အာဟာရဖြည့်စွက်စာများနှင့် ဆေးဝါးများ ထောက်ပံ့ပေး ခဲ့ကြောင်းနှင့် မုံရွာမြို့ ခုတင် ၃၀၀ ကလေးဆေးရုံဝင်းအတွင်း၌ တပ်ဖွဲ့ဝင် ၁၈၉ ဦးတို့က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုရဲ**

**သရက်**

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် (၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို စက်တင်ဘာ ၁၀ ရက်က သမိုင်းဝင်ရွှေသက်လွတ်ဘုရားကြီးရှေ့တွင် ပြုလုပ်ခဲ့သည်။

**ဇော်ထက် (သရက်)**

**ဟားခါး**

(၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ချင်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ခင်ကျော်၊ ဒုတိယ ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မောင်မောင်အေး၊ ဦးစီးအရာရှိ(ပထမတန်း) ဒုတိယ ရဲမှူးကြီး ဝဏ္ဏဇော်တို့က ဦးစီး၍ တပ်ဖွဲ့ဝင်/စာရေးဝန်ထမ်းများ စုစုပေါင်း ၂၈ ဦး က စက်တင်ဘာ ၁၀ ရက်တွင် မြို့နယ်ပြည်သူ့ဆေးရုံတွင် စုပေါင်းသွေးလှူဒါန်း ခဲ့ကြောင်း သိရသည်။

**ကိုရဲ**

**ပျော်ဘွယ်**

(၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို စက်တင်ဘာ ၁၀ ရက်က မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့ ရှမ်းပွဲရပ်၊ ဘိုးဘွားရိပ်သာတွင် ရဲမှူး မျိုးမြင့်လွင်နှင့် တပ်ဖွဲ့ဝင်များက စုပေါင်းဆောင်ရွက်ခဲ့သည်။ ယင်းသို့ဆောင်ရွက်ရာတွင် ရဲမှူးအပါအဝင် တပ်ဖွဲ့ဝင် ၈၀ နီးပါးခန့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၁-၉-၂၀၁၉

| ရွှေ | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၂၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၅၄၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၂၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၅၄၈၀၀ |

(ရွှေဈေးအား ရွှေဈေးကွက်မှ ရယူပါသည်)

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၇၀/၉၀၀ | ကျပ် | ၉၁၀/၉၂၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၈၀/၉၁၀ | ကျပ် | ၉၂၅/၉၄၀ | ကျပ် |
| အောက်တိန်း ၉၂ | ၇၇၀/၈၀၅ | ကျပ် | ၈၃၀/၈၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၈၆၀/၈၉၅ | ကျပ် | ၉၃၀/၉၅၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၂၈ · ၃ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၈၅ · ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၀၇ · ၅ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၈၈ · ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၁၈ · ၆ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၄၉ · ၁ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၄ · ၇၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၃၀၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၇ · ၉၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၅ · ၆၇ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ · ၉၂၀ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

စတော့အိတ်ချိန်း ဈေးကွက် (၉-၈-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂၀၀၀ | ၁၂၀၀၀ | ၁၄၂၀ | ၁၆၈၅၄၀၀၀ |
| MTSH | ၄၅၀၀ | ၄၄၀၀ | ၄၉၈၂ | ၂၂၂၃၇၀၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၁၂၅ | ၁၀၅၀၀၀၀ |
| FPB | ၂၅၅၀၀ | ၂၅၅၀၀ | ၅၈၀ | ၁၄၇၉၀၀၀၀ |
| TMH | ၃၀၅၀ | ၃၀၅၀ | ၅၂၉ | ၁၆၁၃၄၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# နိုင်ငံတကာစံနှုန်းမီ ကျောင်းပို့ကျောင်းကြိုယာဉ် ပြေးဆွဲမှုစနစ်

သိပ္ပံစာရေးဆရာကိုကိုအောင်

### ကျောင်းကြိုပို့ယာဉ်များ

ကမ္ဘာ့ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ကျောင်းပို့ကျောင်းကြိုယာဉ်များကို School Bus ဟူ၍လည်းကောင်း၊ School Ferry ဟူ၍လည်းကောင်း၊ School Limousine ဟူ၍လည်းကောင်း အမည်လုလု ကလေးများပေး၍ ပြေးဆွဲစေလျက်ရှိသည်။ မည်သို့ပင် အမည်နာမ တပ်ထားစေကာမူ တကယ့်အနှစ်သာရများက အတူတူပင်ဖြစ်သည်။ မူကြိုတက်မည့် ကလေးများအရွယ်မှစ၍ မူလတန်း၊ အလယ်တန်းနှင့်အထက်တန်း ကျောင်းသားကျောင်းသူများ သက်သောင့်သက်သာနှင့် အန္တရာယ်ကင်းစွာ စီးနင်းလိုက်ပါနိုင်အောင် စီစဉ်ထုတ်လုပ် ပေးထားသော ကျောင်းပို့ကျောင်းကြို ဘတ်စ်အရွယ်အစားအမျိုးမျိုးတို့သည် ကျောင်းဖွင့်ရာသီ၏ ကျောင်းဖွင့်ရက်များတွင် အများပြည်သူသုံး လမ်းမများပေါ်၌ အနာဂတ်မျိုးဆက်သစ် ကလေးများကို တင်ဆောင်မောင်းနှင်သွားလာလျက်ရှိနေကြသည်။

အများပြည်သူတို့ လိုက်ပါစီးနင်းနိုင်အောင် ဘတ်စ်အရွယ်အစားအမျိုးမျိုးတို့ကို တပ်ဆင်ထုတ်လုပ် ရောင်းချနေသော မော်တော်ကားကုမ္ပဏီကြီးများသည် ငါးယောက်စီးမှ ကိုးယောက်စီးအရွယ် မိုက်ခရိုဘတ်စ် (Mirco-Bus)၊ ၁၄ ယောက်စီးမှ အယောက် ၂၀ စီးအရွယ် မီနီဘတ်စ်(Mini-Bus)၊ ၂၃ယောက်မှ ၄၈ ယောက်အထိ လိုက်ပါစီးနင်းနိုင်သော ဘတ်စ်(Bus)စသည်တို့ကို ပြောင်းလဲလာသော ခေတ်ကာလနှင့်အညီ ဒီဇိုင်းများကိုပါ လိုက်လျောညီထွေ ပြောင်းလဲထုတ်လုပ်လာခဲ့သည်။ ဘတ်စ်များ ထုတ်လုပ်ရာ၌ပင် ရိုးရိုးဘတ်စ်များအပြင် City Bus၊ Couch၊ Limousine၊ Airport Bus စသည်ဖြင့် အသုံးပြုမည့်နေရာ၊ အသုံးပြုလိုသည့် လုပ်ငန်းသဘောသဘာဝတို့နှင့် ကိုက်ညီသော ဘတ်စ်ပုံစံအမျိုးမျိုးတို့ကိုပါ ထုတ်လုပ်ရောင်းချပေးလျက် ရှိနေကြသည်။

### သီးခြားဖွဲ့စည်းတပ်ဆင်မှု

ထိုကဲ့သို့သော ဘတ်စ်ပုံစံနှင့် အရွယ်အစားအမျိုးမျိုး ရှိနေကြသည့်အထဲတွင် ကျောင်းပို့ကျောင်းကြိုယာဉ်အဖြစ် အသုံးပြုမည့် ဘတ်စ်များကို သီးခြားပုံစံ၊ သီးခြားဖွဲ့စည်းတပ်ဆင်မှုတို့ဖြင့် သီးသီးသန့်သန့် ထုတ်လုပ်ပေးကြရသည်။ ယေဘုယျအားဖြင့် ကျောင်းပို့ကျောင်းကြိုယာဉ်အဖြစ် အသုံးပြုမည့် ဘတ်စ်များတွင် အတက်အဆင်း လွယ်ကူကျယ်ဝန်းအောင် ထားရှိပေးရသည်။ လွယ်လင့်တကူ မကွဲမရှနိုင်သော အရည်အသွေးမြင့် လေကာမှန်၊ ပြူတင်းမှန်များကို တပ်ဆင်ပေးရသည်။ ထိုင်ခုံတိုင်းအတွက် သက်စောင့်လုံခြုံရေးခါးပတ်နှင့် လေအိတ်များအပြည့်အစုံ တပ်ဆင်ပေးရသည်။ ရှေ့နောက် ထိုင်ခုံတစ်လုံးနှင့် တစ်လုံးအကြား လုံလောက်သော အကျယ်အဝန်းရှိအောင် ထားရှိပေးရသည်။ ဝဲယာထိုင်ခုံတန်းများအကြားရှိ အလယ်လျှောက်လမ်းကို သာမန်ဘတ်စ်များထက် ပိုမိုကျယ်ဝန်းအောင် ထားရှိပေးရသည်။ နောက်ဘက်၌ အရေးပေါ်ထွက်ပေါက်တစ်ခု ထားရှိပေးရသည်။ လေဝင်လေထွက်စနစ်နှင့် လေလှည့်ပတ်မှုစနစ် ကောင်းမွန်အောင် ခေါင်မိုးအမြင့်(Hi-Roof) ပြုလုပ်ပေးရသည်။ လုံလောက်သော အတွင်းခန်း မီးအလင်းရောင်များ တပ်ဆင်ပေးရသည်။ အဝေးကကြည့်လျှင် ကျောင်းပို့ကျောင်းကြိုကားမှန်း သိသာစေသော အမှတ်အသားများကို အပြည့်အစုံ တပ်ဆင်ပေးထားရသည်။




### ဘေးကင်းရေး ဦးစားပေး

အတတ်ပညာရော၊ အသိပညာကိုပါ တစ်ပါတည်း ရှာဖွေဆည်းပူးနေကြရသည့် လူ့ဘဝပထမအရွယ် ကျောင်းသားကျောင်းသူကလေးများအဖို့ တစ်ဦးချင်းတစ်ယောက်ချင်း ကျောင်းသွားကျောင်းပြန် ပြုလုပ်ကြခြင်းထက် ကျောင်းပို့ကျောင်းကြိုဘတ်စ်များကို အသုံးပြုကာ စီးနင်းလိုက်ပါကြခြင်းအားဖြင့် နုနယ်ငယ်ရွယ်စဉ်ကတည်းက လူမှုအသိုင်းအဝိုင်းနှင့် နေထိုင်ဆက်ဆံတတ်ခြင်း၊ ပတ်ဝန်းကျင်ကိုထိတွေ့ရင်းလေ့လာအကဲခတ်နိုင်ခြင်း၊ စည်းလုံးပျော်ရွှင်မှု ရရှိခြင်း၊ မိမိကိုယ်မိမိ ယုံကြည်အားကိုးမှု ပို၍ရှိလာခြင်းစသော ကောင်းကျိုးများစွာကို ရရှိနိုင်ကြသည်။ ကျောင်းသားအရွယ် လူမမယ်ကလေးများ ဖြစ်ကြသည့်အတွက် ၎င်းတို့လိုက်ပါစီးနင်းကြမည့် ကျောင်းပို့ကျောင်းကြို ဘတ်စ်များကို ထုတ်လုပ်ရာ၌ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သက်သောင့်သက်သာဖြစ်စေရေးတို့ကို ရှေ့တန်းတင် ဦးစားပေးစဉ်းစားကာ တွက်ချက်တပ်ဆင်ထုတ်လုပ်ပေးကြရခြင်းလည်း ဖြစ်သည်။

ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံများ၌မူ ပစ်ကပ်ယာဉ်နှင့် လိုက်ထရပ်(Light Truck)ကဲ့သို့သော ကုန်တင်ယာဉ်ငယ်များကို ကျောင်းပို့ကျောင်းကြိုကားများအဖြစ် အသုံးပြုလျက်ရှိနေကြဆဲဖြစ်သည်။ အာဆီယံဒေသတွင်းနိုင်ငံများဖြစ်ကြသည့် ဖိလစ်ပိုင်၊ လာအို၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့၌ ပစ်ကပ်နှင့် ကုန်တင်ယာဉ်ငယ်များကို ကျောင်းပို့ကျောင်းကြိုယာဉ်များအဖြစ် အသုံးပြုနေကြသည်ကို စိုးရိမ်ဖွယ်တွေ့မြင်နေရသည်။ အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာစသော အာရှဒေသတွင်းနိုင်ငံများ၌လည်း ထိုနည်းနှင်နှင်ပင်ဖြစ်သည်။ အလားတူပင် အာဖရိကတိုက်အတွင်းရှိ ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံများစွာတို့၌လည်း ကျောင်းပို့ကျောင်းကြိုယာဉ်များအဖြစ် ပစ်ကပ်နှင့် ကုန်တင်ယာဉ်ငယ်များကိုသာမကဘဲ ကုန်တင်ယာဉ်ကြီးများကိုပါ အသုံးပြုနေကြသည်ကို စိတ်မချမ်းမြေ့ဖွယ် တွေ့မြင်နိုင်ကြသည်။

### အရေးကြီးသော ကဏ္ဍတစ်ရပ်

နိုင်ငံတစ်နိုင်ငံ၏ အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်ကို အကောင်အထည်ဖော်ရာ၌လည်းကောင်း၊ အဆင့်မြှင့်တင်ရာ၌လည်းကောင်း၊ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရာ၌လည်းကောင်း၊ ကျောင်းပို့ကျောင်းကြိုယာဉ်များ၏ အခန်းကဏ္ဍကိုပါ ဦးစားပေးစဉ်းစားကာ သုံးသပ်စီမံကြရမည်ဖြစ်သည်။ မြို့ပြတစ်ခု၏ ကျောင်းပို့ကျောင်းကြို သယ်ယူပို့ဆောင်ရေးသည် အဆိုပါမြို့ပြ၏ အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်တွင် အရေးကြီးသော ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်နေသည်ကို မမေ့လျော့ရန် လိုအပ်သည်။

အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်တစ်ရပ် မည်မျှအခြေကျနေသည်၊ မည်မျှ အောင်မြင်နေသည်ကို သုံးသပ်ရာတွင် ကျောင်းတက်ကျောင်းဆင်းချိန်များ၌ ကျောင်းပို့ကျောင်းကြို ဘတ်စ်ပြေးဆွဲပေးနေမှု မည်မျှ လျင်မြန်ချောမွေ့သွက်လက်နေသည်၊ မည်မျှ ဘေးအန္တရာယ်ကင်းရှင်းနေသည်၊ ကျောင်းသားကျောင်းသူများနှင့် မိဘများ၊ ဆရာဆရာမများ မည်ရွေ့မည်မျှ ကျေနပ်ပျော်ရွှင် စိတ်ချမ်းသာနေကြသည် စသည့် အကြောင်းချင်းရာများကိုပါ အရေးကြီးကဏ္ဍတစ်ရပ်အဖြစ် ထည့်သွင်းစဉ်းစား သုံးသပ်ကြရမည်ဖြစ်သည်။

### လုံခြုံချောမွေ့သောစနစ်

